မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၁၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Tran Van Tung နှင့် စစ်သံမှူး Sr.Colonel, Le Van Thanh တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အတော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၁၂ ရက်)

ပဲမျိုးစုံမှ ဝင်ငွေပိုမိုတိုးတက်ရရှိရေး ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးကူညီလျက်ရှိသည်။ မကြာမီနှစ်များအတွင်း ပြည်တွင်းပြည်ပဈေးကွက်၌ ပဲဈေးကောင်းမွန်လာသည့်အပြင် ကမ္ဘာ့ပဲဈေးကွက်တွင် ပဲလိုအပ်ချက်မြင့်မားလာမှုကြောင့် တောင်သူများက ဈေးကွက်ဝင်ပဲများ တိုးချဲ့စိုက်ပျိုးလာကြသည်။

ပဲမျိုးစုံသည် အာဟာရကြွယ်ဝသည့်အတွက် အခြေခံစားကုန်ဖြစ်သည့် ဂျုံ၊ ဆန်တို့ကဲ့သို့ စားသုံးမှုနှင့် ဝယ်လိုအားမြင့်မားနေမည့် သီးနှံမျိုးဖြစ်သည်။ မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ စိုက်ပျိုးကြသည်။ ပဲစင်းငုံကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်လည်းကောင်း၊ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်းကောင်း အဓိကစိုက်ပျိုးလျက်ရှိသည်။

ပဲအမျိုးမျိုးအနက် မအူပင်၊ ဓနုဖြူ၊ ဇလွန်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်ဒေသတို့မှထွက်သည့် မတ်ပဲများ၊ ခရမ်း၊ သုံးခွတို့မှထွက်သည့် ပဲတီစိမ်းများသည် ကမ္ဘာ့ဈေးကွက်တွင် နာမည်ရနေသဖြင့် ပိုမိုစိုက်ပျိုးတင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ကနေဒါနိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ ပဲအများဆုံးတင်ပို့သောနိုင်ငံဖြစ်ပြီး တစ်နှစ်တန်ချိန် သုံးသန်းကျော် တင်ပို့နေသည်။ မြန်မာနိုင်ငံက ဒုတိယ အများဆုံးတင်ပို့နေရာ ယမန်နှစ်က တန်ချိန်တစ်သန်းကျော် တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲစိုက်ဧကကိုးသန်းကျော် စိုက်ပျိုးလျက်ရှိပြီး ပဲမျိုးစုံတန်ချိန်လေးသန်းကျော် ထွက်ရှိသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရာတွင် တန်ချိန်တိုးမြှင့်တင်ပို့ရုံသာမက ဈေးကောင်းရရှိရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာ့ပဲမျိုးစုံကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေသော ဈေးကွက်အလားအလာ၊ ပြည်ပမှ ပဲလိုအပ်ချက်နှင့် ပဲဈေးမြင့်တက်နေမှု အခြေအနေများအရ တောင်သူလယ်သမားများက ဈေးကွက်ဝင် ပဲမျိုးကောင်းမျိုးသန့်များကို ရွေးချယ်တိုးချဲ့စိုက်ပျိုးကာ ပိုးမွှားအန္တရာယ်ကင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ စနစ်တကျကုန်သွယ်တင်ပို့ ရောင်းချကြခြင်းတို့ဖြင့် ပြည်ပပို့ကုန်ပဲမျိုးစုံမှ ဝင်ငွေတိုးတက်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၂-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိန်းဘင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ မြန်မာသံစဉ်ချိန်းဘင်
၅း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လယ်တီဆရာတော်ကြီး၏ ထေရမှတ္တိ **ရေးဖွဲ့သီရာ စာကဗျာလက်ာ (၂)**
၂၀။ မွေးမြူသုတ
၂၁။ ဦစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၁၈)

မွန်ပြည်နယ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၁

ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဩဂုတ် ၆ရက် နံနက်စနာရီက ဘားအံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဲဘောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဂုဏ္ဍဖြိယအား ဖူးမြော်ကြည်ညိုကြကာ ဆရာတော်ထံ သက်နံးနှင့်လှုဖွယ်ပစ္စည်းများကို ဆက်ကပ်လှုဒါန်းသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ဘားအံတပ်နယ်ခန်းမ၌ ဘားအံတပ်နယ်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး မော်လမြိုင်မြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပသော မွန်ပြည်နယ် ၂၀၀၈-၂၀၀၉ခုနှစ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရေးဦးစွာ ဗိုလ်ချုပ်သာအေး (**အပေါ်ပုံ**)က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာဦးတင်အောင်ဝင်း၊ မွန်ပြည်နယ်နှစ်ရှည်ပင်များ စိုက်ပျိုးမှုနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းကြည်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြဦးခင်မောင်တင့်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာ ဒေါ်မြတ်နှယ်နှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်းတို့က လုပ်ငန်းဆိုင်ရာများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာဦးသန်းနိုင်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်ဝင်းတို့က ထပ်မံဖြည့်စွက် တင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက တင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

နှစ်ထပ်သိမ်တော်ကြီး မျက်နှာကြက်တပ်ဆင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

မြောက်ဥက္ကလာပမြို့နယ်(စျ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနိ နှစ်ထပ်သိမ်တော်ကြီး၏အောက်ထပ် ပလတ်စတာကော နှစ်မျက်နှာကြက် တပ်ဆင်ရန်နှင့် အခြားလိုအပ်သည်များ သုံးစွဲရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို မြောက်ဥက္ကလာပမြို့နယ်(စျ)ရပ်ကွက် ဝေဘာဂီလမ်း အမှတ် ၄၁၁နေ နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမျိုးမြင့်-ဒေါ်ခင်သန်းဝင်းမိသားစုက ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ (ရတနာဇေယျုံကျောင်း) ရှေ့မှောက်တွင် ပေးအပ်လှုဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးဘချိုက လက်ခံယူသည်။ (**အပေါ်ပုံ**)

ဆက်သွယ်လှုဒါန်းနိုင်

ကုသိုလ်ယူလှုဒါန်းလိုသူများ ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ (ရတနာဇေယျုံကျောင်း) ဖုန်း-၆၉၀၁၂၄ ထံ ဆက်သွယ်လှုဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

လက်ခံယူ

ကျေးဇူးရှင် အတိုးအတွားများနှင့် ဖခင် ဦးလှအောင်၊ မိခင် ဒေါ်ဆုပန်၊ အစ်ကို ဦးရွှေမင်း၊ အစ်မဒေါ်ညွန့်ရီ မောင်နှမများအားရည်စူး၍ အမှတ် ၉၄ ဗညား ဒလလမ်း မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ညီမငယ် ဒေါ်ခင်လုံးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှုဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

ကာကွယ်ရေးဝန်ကြီးဗာနမှ ဗိုလ်ချုပ်ကြီးသူရဌေမန်း ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရဌေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရဌေမန်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရဲခြင့်အောင်၊ တပ်မတော်စစ်ဘက်ရေးရာ လုပ်ငြိုးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှင္ဒေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်မှူးကြီးကျော်ညွန့်နှင့် ဗိုလ်ချုပ်အေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် စစ်သံမှူး Sr.Colonel, Le Van Thanh တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရဌေမန်း ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရဌေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ တိပိဋကကျောင်းတော် ရာသက်ပန်ဆွမ်းပဒေသာပင် ရေစက်ချလှူဒါန်းပွဲ

ရန်ကုန် သြဂုတ် ၁၁

ကျေးဇူးတော်ရှင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့(ရန်ကုန်ဌာန) အမှတ် ၁၂/၁၆ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ တိပိဋကကျောင်းတော်တွင် ၂၀၀၇ခုနှစ် မတ်၁၂ရက်မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ၁၈ရက် အထိ (၁၅)ကြိမ်နှင့် (၁၆)ကြိမ်မြောက် စိုက်ထူထားသော ဆွမ်းပဒေသာပင် အလှူရှင်များ အနေဖေါ်ဆောရေစက်ချ အခမ်းအနားကို ၁၃၇၀ပြည့်နှစ် တော်သလင်းလဆန်းတစ်ရက် (သြဂုတ် ၃၀ရက်)တနင်္ဂနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဖိတ်စာမရရှိသည့်တိုင် ၂၀၀၇ခုနှစ် မတ် ၁၂ရက်မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်အတွင်း ပဒေသာပင် စိုက်ထူလှူဒါန်းထားသော အလှူရှင်များအားလုံး ရေစက်ချပွဲအခမ်းအနားသို့ ကြွရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီးတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီး Mrs.Tran Thi Loc တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် သြဂုတ် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီး Mrs.Tran Thi Loc တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် သြဂုတ်၁၀ရက် ညနေ၆နာရီခွဲတွင် လေကြောင်းခရီးမြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး၊ ဓရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရိန်နှင့်ဇနီး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Tran Van Tung နှင့်ဇနီး၊ စစ်သံမှူး Sr.Colonel, Le Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေး စာကြည့်တိုက်ပညာဖြင့် အထောက်အကူပြုစွမ်းဆောင်

နေပြည်တော် ဩဂုတ် ၁၁

မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံစာကြည့်တိုက်ပညာ သင်တန်း(၂/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဤအခြေခံ စာကြည့်တိုက်ပညာ သင်တန်းကို ရည်ရွယ်ချက် သုံးရပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက် သုံးရပ်မှာ (၁) အမျိုးသားအကျိုးစီးပွား ဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်လာစေရေး၊ (၂) ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ (၃) စာကြည့်တိုက်ပညာ တတ်ကျွမ်းနားလည်သည့် စာကြည့်တိုက်မှူးကောင်းများ၊ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်သည့် ပြန်ကြားရေးမှူးကောင်းများ ဖြစ်လာစေရေးတို့ပင် ဖြစ်ကြောင်း။

အလေးထား

ယင်းရည်ရွယ်ချက်(၃)ရပ် အောင်မြင်ရေးအတွက် အလေးထားပြီး နာယူမှတ်သား လေ့ကျင့်သွားရန် လိုကြောင်း။

မိမိတို့ကိုယ်တိုင်ကလည်း ကြိုးစားဖြည့်ဆည်း လေ့လာပျိုးထောင်သွားကြရန် လိုကြောင်း၊ ယင်းသို့ လုပ်ငန်းများတိုးတက်ထိရောက်အောင်မြင်စေရန်-

(၁) Active သွက်လက်ရန်
(၂) Initiative ထိုးထွင်း ကြံဆဆန်းသစ်ရန်
(၃) Dynamic ထက်မြက်ရန် လိုကြောင်း။

အထောက်အကူ

မိမိတို့ သင်ကြားတတ်မြောက်လာသည့် စာကြည့်တိုက်ပညာများကို လက်တွေ့အသုံးချကြစေလိုကြောင်း၊ သို့မှသာ မိမိတို့၏ စာကြည့်တိုက်လုပ်ငန်းအပြင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဆောင်ရွက်သည့်နေရာတွင် အထောက်အကူ ရရှိလာမည်ဖြစ်ကြောင်း။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တွင် တကယ် Function ဖြစ်အောင် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် အား (၄)အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ဖော်ဆောင်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ သင်တန်းသား သင်တန်းသူများအနေဖြင့် ဤသင်တန်းကို တက်ရောက်ခြင်းသည် မိမိတို့အတွက် ဘဝမှတ်တိုင်တစ်ခုအဖြစ် အလေးအနက်ထားပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရည်မှန်းချက်တာဝန် (၁၁)ရပ်ကို ဝန်ထမ်းများ လိုက်နာရမည့် လုပ်ငန်းလမ်းညွှန် (၁၄)ချက်နှင့်အညီ ဆက်လက်အောင်မြင်အောင် အကောင်အထည်ဖော်သွားကြပါ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စာကြည့်တိုက်ပညာဖြင့် အထောက်အကူပြုစွမ်းဆောင်ပေးကြပါဟု ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာ သင်တန်း (၂/၂၀၀၈)သို့ ပြည်နယ်နှင့် တိုင်းအသီးသီးတို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၅၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခြေခံစာကြည့်တိုက်ပညာ သင်တန်း(၂/၂၀၀၈) ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မုံရွာဆုတောင်းပြည့် မြတ်စွာဘုရားကြီး ပိဋကတ်စာကြည့်တိုက် ပိဋကာလင်္ကာရ စာလျှောက်မေးခန်းပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မုံရွာမြို့ ဆုတောင်းပြည့် ဘုရားကြီး ပိဋကတ်စာကြည့်တိုက်ကြီး၏ အရည်အချင်းပြည့်မီသည့် စာသင်စာချ ရဟန်းတော်များ၊ သာမဏေကျော်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေး ရည်မှန်း၍ စာလျှောက်မေးပွဲကို ၁၃၇၀ ပြည့်နှစ် ပြာသိုလတွင်ကျင်းပမည်ဖြစ်ရာ ပိဋကာလင်္ကာရ(ဓမ္မာစရိယ) ရဟန်းတော်များအတွက် နှုတ်ထောက်အာဂုံ စစ်ဆေးမည့်ရက်မှာ ပြာသိုလပြည့်ကျော် ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင်လည်းကောင်း၊ ရေး၊ ဖြေ (စာသင်တန်း)ကို တပို့တွဲလဆန်း ၁ရက်မှ ၅ရက်အထိ (တစ်ရက်ခြား သုံးရက်)လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ပိဋကာလင်္ကာရ သာမဏေကျော်များအတွက် နှုတ်ထောက်အာဂုံစစ်ဆေးမည့် ရက်မှာ ပြာသိုလပြည့်ကျော် ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင်လည်းကောင်း၊ ရေးဖြေရက်မှာ တပို့တွဲလဆန်း ၁၊ ၂၊၃ရက်တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပိဋကာလင်္ကာရ (ဓမ္မာစရိယ)နှင့် ပိဋကာလင်္ကာရသာမဏေကျော် စာလျှောက်မေးခန်းများအတွက် နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

လျှောက်လွှာပုံစံ

လျှောက်လွှာတင်ရမည့်ရက်မှာ ၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်နေ့အထိ ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၁၃၁၉နှင့် ၀၇၁-၂၂၈၉၃တို့သို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ပရိယတ္တိသာသနာပြု ကုသိုလ်ရယူနိုင်ပါရန် ပညာပဒေသာပင်နှင့် ဆွမ်းပဒေသာပင်များ၊ လှူဖွယ်ပစ္စည်းအစုစုတို့ကိုလည်း လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမရပူရမြို့ တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

အမရပူရမြို့ လေဘေးကူညီရေး အကျိုးတော်ဆောင်အဖွဲ့က ဦးစီးကျင်းပသော အရှင်ဇာဂရာလင်္ကာ(လင်္ကာရ) နှင့် ဓမ္မဓရအရှင်ကုမာရတို့၏ တရားပွဲကို ဩဂုတ် ၁၄ရက်နှင့် ၁၅ရက်တို့တွင် အမရပူရမြို့ သိင်္ဂီရွှေဝါခန်းမ၌ ကျင်းပမည်ဟု သိရသည်။

(မြန်မာ့အလင်း)

CICT ဒီပလိုမာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Information Technology Pte Ltd.ကကြီးမှူး၍ Cambridge ICT For All (Malaysia) မှ ပေးအပ်ချီးမြှင့်သည့် Diploma in Software Engineering နှင့် Diploma in Business IT သင်တန်းများအကြောင်းတို့ကို Myanmar Information Technology Pte Ltd. နှင့် Cambridge ICT For All (Malaysia) တို့မှ တာဝန်ရှိသူတို့က ဩဂုတ် ၁၆ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ကွန်ဖရင့်ခန်းမ၌ ဟောပြောမည် ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း- ၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄ တို့သို့ ကြိုတင်စာရင်းပေးသွင်းကာ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့နှင့် ထိုင်းနိုင်ငံ ကလေးကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းကျင်းပသော Workshop on Management of Children in Disaster Situations အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဩဂုတ် ၁၁ရက်က ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ ကလေးကျန်းမာပညာအဖွဲ့မှ တွဲဖက်ပါမောက္ခ Srivieng Pairojkul က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်၊ တိုင်းများမှ ကလေးအထူးကုဆရာဝန်များ၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်များ၊ ပြည်သူ့ကျန်းမာရေးဆရာဝန်များနှင့် သူနာပြုများ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ကြသည်။

ဆွေးနွေးကြမည်

အလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံတွင် ကြုံတွေ့ခဲ့ရသော ဆူနာမီ သဘာဝဘေးအန္တရာယ်ကို အခြေခံ၍ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ မိခင်နို့ တိုက်ကျွေးခြင်း၊ အာဟာရဖြည့်တင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိမှု ဆောင်ရွက်ခြင်း၊ စိတ်ကျန်းမာရေးမြှင့်တင်ခြင်း စသည့် အကြောင်းများကို ဩဂုတ် ၁၁ရက်မှ ၁၅ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယတောင်ပိုင်း၌ ရေလွှမ်း ၅၉ဦးသေဆုံး၊ နေအိမ်များ ရေနစ်မြုပ်

ဟိုက်ဒရာဘတ် ဩဂုတ် ၁၁

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ဩဂုတ် ၁၁ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး ၅၉ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယ အမျိုးသား သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

တံတားကျိုး

ရေလွှမ်းမှုဖြစ်ပွားသည့် ဒေသများမှာ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဝွမ်တာမြို့တွင်ဖြစ်ပြီး နေအိမ်များ ရေနစ်မြုပ်ကာ မော်တော်ကားလမ်းများ ရေလွှမ်းပြီး **(အောက်ပုံ)**တံတားတစ်စင်း ကျိုးကျခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မိုးမှာ ဆက်လက်ရွာသွန်းလျက်ရှိသဖြင့် ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အမေရိကန် ကာဆာတိုချီ မီးတောင် လှုပ်ရှားနေ မီးတောင်မှ ပြာများနှင့် မီးခိုးများမှုတ်ထုတ်

အလာစကာ ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ ကာဆာတိုချီ မီးတောင်သည် ဩဂုတ် ၁၁ရက်က လှုပ်ရှားလာပြီး ကောင်းကင်သို့ မီးခိုးများမှုတ်ထုတ်လျက်ရှိကြောင်း အမေရိကန် အမျိုးသား လျှင်ဗျူရိုက ပြောကြားသည်။

ဖျက်သိမ်း

ကာဆာတိုချီမီးတောင်မှ မီးခိုးနှင့် ပြာမှုန်များလွင့်ပျံ့လျက်ရှိကြောင်း၊ ထို့ကြောင့် အလာစကာပြည်နယ်အတွင်း လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားကြောင်း၊ စုစုပေါင်း လေယာဉ်ခရီးစဉ် ၄၁စင်းကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။

အမေရိကန်၌ တောမီးလောင်ကျွမ်း

နယူးယောက် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ ဘလက်တောင်တန်းဒေသတွင် ဩဂုတ် ၁၁ရက်က တောမီးများ လောင်ကျွမ်းလျက်ရှိကြောင်း၊ ထိုသို့ တောမီးလောင်ကျွမ်းမှုကြောင့် ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နေရကြောင်း သိရသည်။

လောင်ကျွမ်း

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာများ မီးလောင်ခံရပြီး စိုက်ပျိုးမြေဟက်တာများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။

မှူးယစ်ကင်းစင် အလှဆင်

အင်တာနက်ကျန်းမာရေး

အောက်နိမ့်၍ မျက်စိနှင့်ခွာ၍ စာအုပ်စာပေဖတ်ရှုမှု အသက်ကြီးရင့်ချိန်၌ စိတ်ကစဉ့်ကလျားရောဂါရရှိနိုင်

အချက်အလက်များကို မှတ်သားရာ၌လည်းကောင်း၊ စာအုပ်စာပေများကို ဖတ်ရှုရာတွင်လည်းကောင်း ဖတ်စရာ၊ မှတ်စရာများအား နိမ့်သောနေရာ၌ ထားရှိ မှတ်သားဖတ်ရှုခြင်းသည် အသက်အရွယ်ရလာသောအခါ စိတ်ကစဉ့်ကလျားရောဂါ ရရှိစေတတ်ကြောင်း ဆွီဒင်နိုင်ငံမှသုတေသနပညာရှင်များက ဩဂုတ် ၁၀ရက်၌ သတိပေးလိုက်သည်။

ငုံ့ထားရ

ဖတ်စရာ၊ မှတ်စရာများကို နိမ့်လွန်းသောနေရာတွင် ထားရှိပြီး ဖတ်၊ မှတ်နေချိန်တွင် ဦးခေါင်းကြာရှည်စွာ ငုံ့ထားရသဖြင့် အာရုံကြောများ တင်းမာခြင်း၊ နှာဗ်ကြောများ ရောင်ရမ်းခြင်း၊ ဦးနှောက်အနေအထား ယိုယွင်းမှုများ ဖြစ်ပေါ်တတ်ကြောင်း ၄င်းတို့က ပြောကြားသည်။

စိတ်ကစဉ့်ကလျား

အထူးသဖြင့် အသက်ငယ်ရွယ်သော ကျောင်းသား ကျောင်းသူများဘဝတွင် ထိုသို့သော စာဖတ်ခြင်း၊ မှတ်သားခြင်းများကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြသော လူငယ်များအား စနစ်တကျ သုတေသနပြုခဲ့ရာ အသက်အရွယ်ရလာသောအခါ စိတ်ကစဉ့်ကလျားရောဂါရရှိခဲ့မှု အရေအတွက်များကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ရောဂါခံစား

စိတ်ကစဉ့်ကလျားရောဂါ ခံစားနေရသူများအား စစ်ဆေးကြည့်ခဲ့ရာတွင် အများစုမှာ ငယ်ရွယ်စဉ်က ဖတ်စရာ၊ မှတ်စရာများကို နိမ့်သောနေရာ၌ထားရှိ ဖတ်မှတ်ခဲ့ကြသည့် အလေ့အထရှိသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးနိုင်ငံ ဆွစ်ဇာလန်

သတင်းအက်ဆေး

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပအလယ်ပိုင်း အဲလ်(ပ်)တောင်တန်းဒေသတွင် တည်ရှိသည်။ ခံ့ညားထည်ဝါသော သဘာဝပသာဒနှင့် ပြည့်စုံသည့် ကုန်းတွင်းပိတ် ဤနိုင်ငံသည် ကြားနေဝါဒကို ကျင့်သုံးသည်မှာ ကြာခဲ့ပြီဖြစ်သည်။ သို့မို့ကြောင့်ပင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာရန် အထောက်အပံ့ဖြစ်စေသည်။ ဘဏ်လုပ်ငန်းမှာ ဤနိုင်ငံ၏ အဓိကလုပ်ငန်းတစ်ရပ် ဖြစ်သည်။

တရားဝင်ကြားနေဝါဒကို ၁၉ရာစု အစောပိုင်း နပိုလီယန်စစ်ပွဲများ ပြီးစကတည်းက ကျင့်သုံးသည်ဆိုသော်လည်း အမှန်မှာ ထို့အရင်နှစ်ပေါင်း၃၀၀ခန့်ကပင် အလွတ်သဘော ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

မဟာမိတ်ဖွဲ့စည်းခြင်း

၁၂၉၁ခုနှစ်တွင် ပြည်ပထိန်းချုပ်မှု တွန်းလှန်ရေးအတွက် ဒေသစိတ်နယ်မြေသုံးခု မဟာမိတ်ဖွဲ့စည်းခြင်းဖြင့် ဆွစ်ဇာလန်၏ အပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းသော နိုင်ငံအဖွဲ့အစည်းမှ စတင်လိုက်ခြင်း ဖြစ်သည်။

၁၈၄၈ခုနှစ်တွင် ဗဟိုချုပ်ကိုင်သည့် အစိုးရဖွဲ့စည်းရေး နိုင်ငံရေးစနစ်ကို ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းသည်။ ၁၈၆၃ခုနှစ်တွင် ကြက်ခြေနီအဖွဲ့ကို ဂျီနီဗာ၌ ထူထောင်သည်။ ၁၈၇၄ခုနှစ်တွင် ပြင်ဆင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်သူ့ဆန္ဒခံယူပွဲဖြင့် တိုက်ရိုက်ဒီမိုကရေစီ အသုံးချရေးကို ခွင့်ပြုသည်။ ၁၉၁၉-၂၀ခုနှစ်တွင် ဗာဆိုင်းစာချုပ်က ဆွစ်ဇာလန် ကြားနေဝါဒကို ထပ်လောင်းအတည်ပြုသည်။

၁၉၂၀ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ ဝင်သည်။ ဂျီနီဗာမြို့၌ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ဌာနချုပ်ကို ထူထောင်သည်။ ၁၉၃၉-၄၅ခုနှစ်တွင် ဖက်ဒရယ်ကောင်စီက ဒုတိယကမ္ဘာစစ်ကြီးအစ၌ပင် ကြားနေဝါဒကို ကြေညာသည်။ ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရန်ငြင်းဆိုသည်။

သဘောတူညီချက်

၁၉၅၉ခုနှစ်တွင် ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအသင်း (အက်ဖ်တာ)ဖွဲ့ရာ၌ မူလအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ ကြည်နူးဖွယ်နိုင်ငံရေးပုံသေနည်းဟု လူသိများသော နိုင်ငံရေးသဘောတူညီချက်အရ လေးပါတီပါဝင်သည့် အစိုးရပေါ်ပေါက်လာသည်။ ယင်းပုံသေနည်းမှာ ဆယ်စုနှစ်များ အတန်ကြာတည်တံ့သည့်အပြင် နိုင်ငံရေးတည်ငြိမ်မှုများစွာ ရရှိသည်။ ၁၉၆၃ခုနှစ်တွင် ဥရောပကောင်စီသို့ဝင်သည်။ ၁၉၉၂ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)သို့ဝင်သည်။

၁၉၉၈ခုနှစ်တွင် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့၏ မီးလောင်တိုက်သွင်းသတ်ဖြတ်မှုမှ အသက်မသေ ကျန်ရစ်သူများနှင့် မိသားစုများအတွက် ဒေါ်လာ ၁ဒသမ ၂၅ဘီလီယံလျော်ကြေးပေးရန် ဆွစ်ဇာလန်ဘဏ်များက သဘောတူသည်။

၂၀၀၁ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂသို့ဝင်ရေး ပါလီမန်က ထုံးထုံးကဲကဲ ထောက်ခံမဲပေးသည်။ ၂၀၀၂ခုနှစ် မတ်လတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ ကုလသမဂ္ဂဝင်ရောက်ရေး ထောက်ခံသည်။ ထိုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာသည်။

၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပကာ လူသား၏ သန္ဓေသားမှ ပင်မကလာပ်စည်းကို အသုံးပြုလျက် သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ရေးကို ခွင့်ပြုကြောင်း

ဆုံးဖြတ်သည်။ ၂၀၀၆ခုနှစ် စက်တင်ဘာ ပြည်သူ့ဆန္ဒခံယူပွဲတွင် အနောက်အုပ်စုအတွင်း အတင်းကျပ်ဆုံးသော ခိုလှုံခွင့်တောင်းခံမှုဆိုင်ရာ ဥပဒေပြုရေး စီမံကိန်းကိုထောက်ခံသည်။

အဓိကကုန်သွယ်

ဤနိုင်ငံမှာ ပထဝီဝင်အရ ဥရောပတိုက်ဗဟိုနှင့် နီးကပ်စွာ တည်ရှိသည့်အပြင် အိမ်နီးချင်းဥရောပနိုင်ငံများနှင့် အဓိကကုန်သွယ်သည့်တိုင်အောင် ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်နိုင်ငံ မဟုတ်ပါချေ။

ကူးလူးဆက်ဆံ

ဥရောပယဉ်ကျေးမှုနှင့် ဘာသာစကား ကူးလူးဆက်ဆံရာ လမ်းဆုံလမ်းခွဖြစ်သည့် အလျောက် လူဦးရေ သုံးပုံနှစ်ပုံခန့်က ဂျာမန်စကားပြောပြီး ငါးပုံတစ်ပုံခန့်က ပြင်သစ်စကားသုံးကာ ၇ ရာခိုင်နှုန်းက အီတလီလို ပြောကြားသည်။ ရှမန့်ရှ်ဘာသာစကားကို လူဦးရေ၏ ၁ ရာခိုင်နှုန်းကသာ ပြောဆိုသုံးစွဲသည်။

အခြားမည်သည့် နိုင်ငံနှင့်မျှ တူနိုင်းမရသော ဆွစ်ဇာလန်တိုက်ရိုက် ဒီမိုကရေစီစနစ်အရ ပြည်သူတို့မှာ ကိုယ့်အရေးကိုယ့်အရာကို တိုက်ရိုက်ပြောပိုင်၊ ဆိုပိုင်ခွင့်ပေးထားသည်။ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲနှင့် ဒေသဆိုင်ရာပြည်သူ့ဆန္ဒခံယူပွဲများ တစ်နှစ်သုံးလေးကြိမ်ကျင်းပသည်။ ဆွစ်ဇာလန်ပြည်သူတို့ဘဝတွင် ကြည်းတပ်၏ အစဉ်အလာမှာ ကြီးမားသည်။ အရွယ်ရောက်သူ အမျိုးသားတိုင်း စစ်မှုထမ်းမနေရ ပြဋ္ဌာန်းထားသည်။ လူလတ်ပိုင်းအထိ အရန်တပ်ဖွဲ့ဝင်တာဝန်ယူရသည်။ ဖက်ဒရယ်ကောင်စီကို အခွင့်အရေးတန်းတူရှိသော အတတ်ပညာရှင်များ အစုအဖွဲ့တစ်ခုအဖြစ် သဘောထားသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပအလယ်ပိုင်း အဲလ်(ပ်)တောင်တန်းဒေသတွင် တည်ရှိ၊ ခံ့ညားထည်ဝါသော သဘာဝပသာဒနှင့်ပြည့်စုံသည့် ကုန်းတွင်းပိတ် ဤနိုင်ငံသည် ကြားနေဝါဒကို ကျင့်သုံးခဲ့သည်မှာ ကြာပြီဖြစ်၊ သို့မို့ကြောင့်ပင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး ကမ္ဘာ့ အချမ်းသာဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာရန် အထောက်အပံ့ဖြစ်စေ၊ ဘဏ်လုပ်ငန်းမှာ ဤနိုင်ငံ၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်။

နည်းပညာသိပ္ပံ

ပင်လယ်သမုဒ္ဒရာကြမ်းပြင်အောက်၌ လေ့လာမည့် စက်ရုပ်ရေငုပ်သင်္ဘောတီထွင်ထုတ်လုပ်

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာများ၏ ကြမ်းပြင်အောက်မှ မီးတောင်များကို လေ့လာနိုင်ရန်အတွက် သုတေသနရေငုပ်သင်္ဘောတစ်စင်းအား တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ဩဂုတ် ၉ရက်၌ ပြောကြားသည်။

မှတ်တမ်းတင်နိုင်မည်

အဆိုပါ စက်ရုပ်ရေငုပ်သင်္ဘောသည် ပင်လယ်နှင့်သမုဒ္ဒရာတို့၏ ကြမ်းပြင်အနေအထား၊ နုန်းတင်မြေလွှာနှင့် သဘာဝဓာတ်ငွေ့များထွက်ရှိမှုအပြင် ပင်လယ်သမုဒ္ဒရာကြမ်းပြင်အောက် ကမ္ဘာ့မြေထု၏အပူချိန်မြင့်မားမှု အခြေအနေနှင့် မီးတောင်များ၏ လှုပ်ရှားမှု အနေအထားအားလုံးကို လေ့လာမှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

လေ့လာသုတေသနပြု

ယင်းစက်ရုပ်ရေငုပ်သင်္ဘောကို ယခုအခါ ကာရစ်ဘီယံပင်လယ်ကြမ်းပြင်အောက်သို့ လေ့လာသုတေသနပြုရန် စတင်စေလွှတ်မည် ဖြစ်သည်။ ထိုသို့ပင်လယ်ကြမ်းပြင်သို့ လေ့လာသုတေသနပြုရန် စေလွှတ်ရာ၌ မျက်နှာပြင်မှ ထိန်းချုပ်မှုတစ်စုံတစ်ရာပြုလုပ်မည် မဟုတ်ကြောင်း သိရသည်။

ကမ္ဘာ့မြေလွှာအတွင်းပိုင်း၌ ဖြစ်ပေါ်နေတတ်သည့် မီးတောင်များ၏ လှုပ်ရှားမှုများအပြင် မြေလွှာတွန့်ခေါက်မှုများကို အဆိုပါစက်ရုပ်ရေငုပ်သင်္ဘောက လေ့လာသုတေသနပြု ထောက်လှမ်းသွားမည်ဖြစ်သည်။ (အင်တာနက်)

အာဖဂန်-တရုတ် ဆက်သွယ်ရေးလမ်း ဖောက်လုပ်ရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း စိတ်ဝင်စားလျက်ရှိ

ကဘူးလ် ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်သည့်လမ်း ဖောက်လုပ်ရေးကို အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် များစွာ စိတ်ဝင်စားလျက်ရှိကြောင်း ဩဂုတ် ၈ရက်က ဖွင့်လှစ်ခဲ့သည့် ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားမှအပြန် အာဖဂန်နစ္စတန်နိုင်ငံ သမ္မတဟာမစ်ကာဇိုင်းက ဩဂုတ် ၉ရက်၌ ပြောကြားလိုက်သည်။

တွေ့ဆုံဆွေးနွေး

ဟာမစ်ကာဇိုင်းသည် တရုတ်နိုင်ငံသို့ရောက်ရှိခဲ့စဉ် တရုတ်သမ္မတ ဟူကျင်တောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဖဂန်-တရုတ် ဆက်သွယ်ရေးလမ်း ဖောက်လုပ်ရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆက်သွယ်ပေး

အာဖဂန်နစ္စတန်နိုင်ငံ ဝါခန်မြို့သည် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဘဒါကာရှန်ပြည်နယ်နှင့် တရုတ်နိုင်ငံ ကျိကျင်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို ဆက်သွယ်ပေးနိုင်သည့် မြို့ဖြစ်ရာ တရုတ်-အာဖဂန်နစ္စတန်ဆက်သွယ်ရေး လမ်းဖောက်လုပ်ခဲ့ပါက ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ဖလှယ်ရာ အဓိကမြို့တော်ဖြစ်လာမည် ဖြစ်သည်။ (အင်တာနက်)

အီရတ်အရှေ့ပိုင်း၌ အသေခံဗုံးခွဲမှုဖြစ်ပွား သုံးဦးသေဆုံး၊ ၂၀ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် အီရန်နယ်စပ်အနီးတွင် ဩဂုတ် ၁၀ရက်က အသေခံဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး ၂၀ကျော်ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

အသေခံဗုံးခွဲသမားက ခါနာကင်မြို့ အုပ်ချုပ်ရေးရုံး အပြင်ဘက်ရှိ စစ်ဆေးရေးဂိတ်အတွင်းသို့ ၄င်း၏ကားကို မောင်းနှင်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသူသုံးဦးမှာ ဒီယာလာပြည်နယ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြစ်ကြောင်း၊ ဒီယာလာပြည်နယ်မှာ အယ်လ်ခိုင်ဒါ တပ်ဖွဲ့ဝင်များ၏ အမာခံ နယ်မြေဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှု အများဆုံး ပြည်နယ်ဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ၄နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစင်မောင်လေးတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kouily A.SOUPHAKHET လည်းတက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Nam VIYAKETH အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း ဝါဆိုသက်နန်းကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသက်နန်း ကပ်လှူပူဇော်ပွဲနှင့် လေဘေးသင့် မိဘမဲ့ကလေးများအတွက် ရန်ပုံငွေပေးလှူပွဲကို ဩဂုတ် ၁၇ရက် (တနင်္ဂနေ့) နံနက်စနာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ်(၃၃)ရပ်ကွက် ဘေလီတံတားထိပ်ရှိ အမှတ်(၁၀) သီတဂူ သာသနာ့မိမာန်တွင်ကျင်းပမည်ဖြစ်သည်။ သက်နန်းတစ်စုံလျှင် ငွေကျပ်၇၅၀၀နှုန်း ဖြင့် ဦးရဲမြင့်ဖေ ဖုန်း-၀၉-၈၀၃၂၄၉၁၊ ဦးတင်မောင်ဦး ဖုန်း-၀၉-၈၀၂၄၄၀၆၊ ဦးဝင်းငွေ ဖုန်း-၀၉-၈၀၃၀၃၂၆နှင့် အသင်းအမှုဆောင်များထံ ဆက်သွယ် လှူခါနီးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၉ရက် နံနက် ၉နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံမှာကြားသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ရေဟောမှ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး(ကြည်းရေလေ) ဗိုလ်မှူးကြီးတင့်လွင်နှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအခြေအနေများ၊ နိုင်ငံတော်၏ လက်ရှိမူဝါဒတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

လက်ဆောင်ပစ္စည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သံရုံးနှင့် စစ်သံရုံး မိသားစုတို့အတွက် လက်ဆောင်ပစ္စည်းများကို သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့အား ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံ သံရုံး၌ သံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအထွေထွေအတွင်းရေးမှူးအားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေအား ဩဂုတ်၉ရက် ညနေ ၆နာရီတွင် ယူနန်ပြည်နယ်အစိုးရ ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေနှင့် အတူ အမြဲတမ်းအဖွဲ့ဝင်နှင့် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရန်ရင်နန်း၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကျူကျောက်ရှီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲအပြီးတွင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူးက နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကျိမ့်ကျွမ်းပြည်နယ် ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေတို့ ယူနန်ပြည်နယ် အစိုးရ ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေအား ယူနန်ပြည်နယ်အစိုးရ ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြာနီကန်ဦးရေဝတ(ဝါးခယ်မ)ဆရာတော် ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန် ကျောင်းတိုက်၏ ဦးစီးပဓာနနာယက(နိုင်ငံကျော် မွေကထိက ကြာနီကန် ဆရာတော်၏ တပည့်ရင်း) နိုင်ငံကျော် မွေကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ)ဆရာတော်သည် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်သီတင်းနေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင် ကြာသပတေးထောင့် ဒေါ်ပွင့်တန်ဆောင်း (ရွှေဂုံမြင့်ဝတ်အသင်း)၌ ဝိပဿနာသုတ္တန်ဒေသနာမွေများကို ဟောကြားပြသမည်ဖြစ်ရာ တရားတော်များ လာရောက်နာယူ ဆောက်တည်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၈) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ပြည်မြန်မာသတင်းဂျာနယ်အမှတ်(၆၂၈)ကို ရန်ကုန်မြို့အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower (ပထမထပ်)ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် အမျိုးသမီးများ အသားအရေ စိုပြည်ဝင်းမွတ်တောက်ပစေမည့်ဆေးသစ် မြန်မာနိုင်ငံသို့ရောက်ပြီ၊ အွန်လိုင်းစာမေးပွဲများကို လိမ်ညာဖြေဆိုခြင်းမှ ကာကွယ်နိုင်ရန် Biometric စနစ်ဖြင့် မြန်မာနိုင်ငံတွင် စတင်အသုံးပြု၊ ရန်ကုန်မြို့တော်စည်ပင်မှ ဘိုင်အို ဒီဇယ်စက်ရုံတစ်ရုံ တည်ဆောက်ရန်ရှိ၊ ဆရာကြီးမင်းသိခံ၏ နောက်ဆုံးခရီး မြင်ကွင်းအပြည့်အစုံ၊ ဆရာကြီးကွယ်လွန်ပြီးနောက် အယူတော်မင်္ဂလာခြံကြီးနှင့် ပတ်သက်၍....၊ ဆရာမင်းသိခံကိုယ်စား ဗေဒင်ပါရဂူဘွဲ့ကို သွားယူမည့်သူ၊ အွန်စောဆီသွားမယ့် ဂျွန်စောများသိထားဖို့၊ ဆားငန်ရေဝင်သွားသော ရေတွင်း ရေကန်များကို သန့်စင်ရန် ဆားစားသည့် ဇီဝပိုးကောင်များ မွေးမြူရောင်းချမည်၊ ရန်ကုန်မြို့တော်အတွင်း ယခုလကုန်အပြီး လမ်းပေါက်များ ဖာထေးမည်၊ ယုဇနပလာဇာမှ လုံခြုံရေးတစ်ဦး ကိုးလွှာကပြုတ်ကျ၍သေဆုံး၊ မိတ်ဆွေအချင်းချင်း ရက်ရက်စက်စက်သတ်ခဲ့သည့် လူသတ်တရားခံမိပြီ၊ အမေရိကန်ရေငုပ်သဘော်မှ အဏုမြူဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဂျပန်တွင် ရုတ်ရုတ်သဲသဲဖြစ်၊ ၁၁နှစ်သားက မိကျောင်း၏ မျက်လုံးကိုထိုးဖောက်ကာ ထွက်ပြေးနိုင်ခဲ့၊ ကမ္ဘာ့ပထမဆုံး လက်နှစ်ဖက်စလုံး အစားထိုးကုသမှုအောင်မြင်၊ လက်ချောင်း ၁၂ ချောင်းနှင့် ခြေချောင်း၁၄ချောင်းရှိသူ၊ ကွန်ပျူတာ၌ Windows စနစ် ချုပ်ငြိမ်းတော့မည်လော၊ အိုလံပစ်ပွဲတော်ညမိုးမဖျက်အောင် တရုတ်တို့က ဒုံးကျည်တစ်ထောင်ကျော်ပစ်လွှတ်ခဲ့၊ ကမ္ဘာ့အကြီးမားဆုံးနှင့် အခမ်းနားဆုံး အိုလံပစ်ပွဲတော်ကြီးဖွင့်လှစ်၊ တကယ့်ကြောင်တွေ တကယ်လျှောက်တဲ့ Catwalk ပွဲကျင်းပ၊ ဂျော်ဂျီယာနှင့် ရုရှားတိုက်ပွဲဖြစ်ပွား၍ ရုရှားတပ်များက လေကြောင်းမှ တိုက်ခိုက်.... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိ လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သတ္တမအကြိမ်မြောက် ဝါတွင်း စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၉ရက် နံနက် ၉နာရီက အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်ဆောင် အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သွေးလှူရှင် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဝမ်းမြောက်စကား

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က သွေးလှူရှင်များအား ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီးဆေးရုံအုပ်ကြီး ဒေါက်တာဦးပိုလေးက သွေးလှူဒါန်းရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြား၍ သွေးလှူဒါန်းသူများကိုယ်စား သွေးလှူရှင် ဦးမောင်ရွင်က သွေးလှူဒါန်းရခြင်းအတွက်ဝမ်းမြောက်စကား ပြောကြားသည်။ ထို့နောက် သွေးလှူရှင် သံဃာတော်၁၃ပါး၊သီလရှင် ငါးပါးနှင့် ဆေးရုံဝန်ထမ်း ၁၃ဦး အပါအဝင် လူပုဂ္ဂိုလ်၁၀၆ဦးတို့က သွေးလှူဒါန်းကြရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှတာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်နှင့် အဖွဲ့က လက်ခံရယူကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ သံအမတ်ကြီးက ထိုင်းနိုင်ငံသားများကိုယ်စား ပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်ဆန်ဘွန်နတ်က ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသားများကိုယ်စား လေဘေးသင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးအနောက်ကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန်အတွက် ပေးအပ်လှူဒါန်းသော အလှူငွေ၊ အဝတ်အထည်များနှင့် အစားအစာများကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံသည်။

တက်ရောက်

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသား ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတက်ရောက်

ပေကျင်းအိုလံပစ်ပွဲတော်ဖွင့်ပွဲအခမ်းအနား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ၄ဂ်သိုက်အမျိုးသားအားကစားကွင်း၌ ကျင်းပသည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ၄ဂ်သိုက် အမျိုးသားအားကစားကွင်း၌ ကျင်းပသည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် သြဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သြဂုတ်ရက် ညဝိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ၄ဂ်သိုက်အမျိုးသားအားကစားကွင်း (Bird's Nest National Stadium) ၌ ကျင်းပသည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ညနေ၆နာရီခွဲတွင် ဝေတွေတည်းနိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဧေဟာမှ ၄ဂ်သိုက် အမျိုးသားအားကစားကွင်းသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိကြသည်။

တက်ရောက်

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်၊ ဒုတိယသမ္မတ မစ္စတာရီကျင်ဖျင်၊ နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် နိုင်ငံတော်အဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကမ္ဘာနိုင်ငံအသီးသီးတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီး အကဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပေကျင်း အိုလံပစ် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ၊ နိုင်ငံအသီးသီး တို့မှ အားကစား၀ါသနာရှင်များ စုစုပေါင်း အင်အားတစ်သိန်းကျော်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကွင်းအတွင်းသို့ ချီတက် ဝင်ရောက်လာသော ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အား အရေးကြီးပုဂ္ဂိုလ်များ ပွဲကြည့်စင်မှ နှုတ်ဆက်အားပေးသည်။

အောင်မြင်စွာကျင်းပ

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ညနေနာရီတွင် စတင် ကျင်းပပြီး ည ၁၂နာရီ ၁၀မိနစ်တွင် ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပ ပြီးစီးသွားသည်။

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် ဝေတွေတည်းနိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဧေဟာ သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



MRTV - 4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၁၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၁၅-၁:၁၅	**မင်းတား၊ ဗိုလ်တားအန္တရာယ်များ တရားတော်** (ဒုတိယပိုင်း) ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)
၇:၅၀-၁:၅၀	Activities in the City (အင်းစစအုပ်တိုက်၏ ဒုတိယအကြိမ် ဗုဒ္ဓ၏မေတ္တာမေ၊ ပရိယတ်စာပေပွဲတော်)
၈:၀၀-၂:၀၀	Sunday Talk
၈:၃၅-၂:၃၅	တေးဂီတအစီအစဉ်
၈:၄၀-၂:၄၀	စွမ်းအားစက်မှု အရင်းပြု စီမံဆောင်ရွက် နိုင်ငံ့အတွက် ထုတ်လုပ်နေသော မြန်မာ့တာယာ
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	MRTV-4 စာအုပ်စင်ကဏ္ဍာ (Junior Baby and Child Care Magazine နှင့် တွေ့ဆုံခြင်း)
၉:၃၀-၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅-၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀-၃:၄၀	ကောင်းကင်ယဉ်ကအန္တရာယ်
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	ဦးမိုညောင်းသာယာ စောင်းပညာ
၁၀:၃၅-၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅	ဂမုန်းရေလှောင်တမ်
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	စိုက်ပျိုးဝေဆာတို့မြေမှာ (အပင်တစ်သျှူး ရိုးများနည်းများ)
၁၁:၃၀-၅:၃၀	Living on Water
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	၄ဂ်များတိုက်ဖျက်ရေး အကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာနိုင်ခိုင်ရိန်)
၁၂:၄၀-၆:၄၀	Music Gallery ဒီလွန်နဲ့ (စံပါဝဲ)
၁:၀၀-၇:၀၀	MRTV-4 အပြတ် Logo

MRTV-4 အစီအစဉ်များကို ရုံနဲ့ကုန်ဖြန့်နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တာနာပြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃:၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၈-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျွန်းမာဖွံ့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ အကယ်ပြိုင်ပွဲ
၇:၅၀	၅။ ကြေးမုံရိပ်သွင်တေးနေယဉ်
၈:၀၀	၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀	၇။ **မူးလျှင်မမောင်နဲ့ ဓောင်းလျှင် မမှေးနဲ့** လှမင်း၊ သူသူဟ်သာ၊ အိမ့်အိမ်း (ဒါရိုက်တာ-သက်တင်)
၈:၂၀	၈။ အတီးပြိုင်ပွဲ
၈:၃၀	၉။ International News
၈:၄၅	၁၀။ တေးဂီတအစီအစဉ်
၉:၀၀	၁၁။ အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ အတီးပြိုင်ပွဲ
၄:၂၀	၃။ **ငါးရစ်မျိုးငါး တို့မစား** ဇရာ၊ နိုင်သင်းကြည်၊ မေမိုးအိ၊ ညိုညိုမိမ်၊ မြသက်ထား (ဒါရိုက်တာ-ရဲဝင်းနီ)
၄:၃၀	၄။ တေးဂီတအစီအစဉ်
၄:၄၀	၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀	၆။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်** ဇင်ပိုင်း၊ မင်းမော်ကွန်း၊ မိုမ့်ခွမြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၅:၀၀	၇။ အဆိုပြိုင်ပွဲ
၅:၁၅	၈။ နောင်းခေတ်တေးပဒေသာ
၅:၂၅	၉။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၁၀။ ညနေခင်းသတင်း
၆:၃၀	၁၁။ မိုးလေဝသအခြေအနေ
၆:၃၅	၁၂။ ကြယ်မှင့်များရဲ့ရင်ခုန်သံ
၆:၅၀	၁၃။ သုတစုံလင်ရွှေဘုံဘုရင်
၇:၁၅	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မယယများနှင့်လှည့်ကွက်** (အပိုင်း-၂၀) (ဇာတ်သိမ်း)
၈:၀၀	၁၅။ ပြည်တွင်းသတင်းအကျဉ်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၂၀) (ဇာတ်သိမ်း)
၁၉။	အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေက ဩဂုတ် ၁၀ရက် နံနက်၁၁နာရီခွဲတွင် ယူနန်ပြည်နယ်အစိုးရ ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျူကျောက်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်လေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ဃ)အုပ်စု ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်အားကစားပြိုင်ကွင်းပွဲစဉ်၌ အားကစားဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားပြိုင်ကွင်းပွဲစဉ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက သမဝါယမဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

(စ)အုပ်စု

ဩဂုတ် ၁၂ရက်တွင် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်း ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကူမင်းမြို့ Empark Grand Hotel ရှင်းလင်းဆောင်၌ ကောင်စစ်ဝန်ချုပ်ရုံးဆောက်လုပ်မည့် အခြေအနေနှင့်စပ်လျဉ်း၍ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့မှ ယူနန်ပြည်နယ် ကူမင်းမြို့သို့သွားရောက်ရန် ဩဂုတ်၉ရက် နံနက် ၁၀နာရီ မိနစ် ၄၀တွင် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့် ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျောက်ဝေဆွေနှင့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်လေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ ယူနန်ပြည်နယ် ကူမင်းမြို့ ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲ ၂နာရီ မိနစ်၂၀တွင် ရောက်ရှိကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျူကျောက်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်အား ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ အမျိုးသမီးငယ်တစ်ဦးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အမျိုးသမီးငယ်တစ်ဦးတို့က ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျူကျောက်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်တို့လိုက်ပါပြီး ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မွန်းလွဲ၂နာရီခွဲတွင် ကူမင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးများဆောက်လုပ်မည့်မြေနေရာသို့ ထွက်ခွာလာပြီး မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ယင်းနေရာရှေ့ရှိ Empark Grand Hotel သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ရှင်းလင်းဆောင်တွင် ကောင်စစ်ဝန်ချုပ်ရုံးဆောက်လုပ်မည့် အခြေအနေနှင့်စပ်လျဉ်း၍ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျူကျောက်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်တို့က ဓာတ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Empark Grand Hotel ၏ ၂၁ထပ်မှ မြန်မာသံရုံးအပါအဝင် ကောင်စစ်ဝန်ချုပ်ရုံးများ ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုပြီး ထွက်ခွာလာရာ ညနေ ၃နာရီ ၄၅မိနစ်တွင် ခေတ္တတည်းခိုမည့် ကျိမ့်ကျွမ်းပြည်နယ် ဧည့်ဂေဟာသို့ ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ်တို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် ဟောပြောမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် အမျိုးသားစာပေဆုရစာရေးဆရာမကြီး မစန္ဒာ၏ကိုယ်ရေးမှတ်တမ်းကို အခမ်းအနားမှူးက ဖတ်ကြားတင်ပြပြီး စာရေးဆရာမကြီး မစန္ဒာက **'အဖိုးတန်တဲ့မြေ'** ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ဦးရည်က စာရေးဆရာမကြီးမစန္ဒာအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

စိုက်ပျိုး

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးရာဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းရှေ့ ဥပစာ၌ အမှတ်တရ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၁ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့်ဇနီး၊ စစ်သံမှူး Sr. Colonel, Le Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

စာပေစိုက်ပျိုး ဒါနမိုး တိုးလျက်ရွာစေချင်

နှင်းဦးခင်

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ မြန်မာနိုင်ငံတွင် စေတီပုထိုး၊ ကျောင်းကန် ဇရပ်၊ စုလစ် မွမ်းချွန်၊ ကျောက်စာ၊ နံရံဆေးရေး စသည်ဖြင့် သက်သေပြစရာ ယဉ်ကျေးမှု အမွေအနှစ်များ ပေါများကြွယ်ဝလှပါသည်။ ယင်းမှာ မြင်နိုင်သည့် ရုပ်ဝတ္ထု ယဉ်ကျေးမှုများပါ။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအလှကိုပြရလျှင် သူမတူ အောင် ထူးခြားလှသည့် "နှလုံးသားစေတနာ သဒ္ဓါတရားအလှ"ပင် ဖြစ်ပါ သည်။ "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"ဆိုသည်မှာ ကိုယ့်ရှိတာလေး မျှဝေပေးလှူဒါန်းတတ်သည့် လူမျိုးဖြစ်ကြောင်း သက်သေပြ နေသည့် စကားပင်ဖြစ်ပါသည်။ ထို့အပြင် "ရေဘူးနဲ့ ဖိနပ်မပါ နွေခါမှသိ၊ ဒါနနဲ့ သီလမပါ သေခါမှသိ"ဟူ၍လည်း သံသရာခရီးသွားများအနေဖြင့် ဒါနလမ်းခင်းထားရန် အမြဲတာစူနေတတ်ကြပါသေးသည်။ အလှူဒါနပြုကြ သည်ဆိုလျှင်လည်း အားလုံး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြသည်သာ ဖြစ်ပါသည်။

အများအားဖြင့် ရှင်ပြု ရဟန်းခံအလှူ၊ ကျောင်းအလှူ၊ ဇရပ်အလှူ၊ သိမ်အလှူ၊ စာသင်ကျောင်းအလှူ၊ ကုသိုလ်ဖြစ်ဆေးခန်းအလှူ၊ သွေးအလှူ၊ မျက်စိအလင်းအလှူ၊ ရေအလှူ စသည်ဖြင့် ဘာသာရေးအလှူ၊ လူမှုရေးအလှူ များကို ပြုလေ့ရှိကြပါသည်။ ရုပ်ဝတ္ထုပစ္စည်းအလှူနှင့် စိတ်ပိုင်းဆိုင်ရာ တရား ဓမ္မအလှူ နှစ်ရပ်လုံး ပေးလှူခြင်းမှန်သမျှ မြင့်မြတ်လှပါသည်။ တန်ဖိုးကြီးလှ ပါသည်။ သဒ္ဓါနှင့် မစ္ဆရိယတိုက်ပွဲတွင် သဒ္ဓါလက်နက် ထက်မြက်ပိုင်နိုင်သူ တို့ ပြတ်ပြတ်သားသား လှူဒါန်းနိုင်ကြပါသည်။

ကျွန်မတို့နိုင်ငံတွင် မကြာသေးမီကာလ ၂၀၀၈ခုနှစ် မေလ ၂ရက်နှင့် ၃ရက်နေ့က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ဧရာဝတီ တိုင်းနှင့် ရန်ကုန်တိုင်းတို့မှ မြို့နယ်အချို့ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တစ်ကြိမ်မျှမကြုံခဲ့ဖူးသည့် ပြင်းထန်သော မုန်တိုင်းတိုက်ခတ် မှုကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့သည့် မုန်တိုင်းဒဏ်သင့် ပြည်သူများ၏အဖြစ် သနစ်ကို မြင်တွေ့သိရှိရသောအခါ လက်သည်းဆိတ်၍ လက်ထိပ်နာရပါ သည်။ ကရုဏာစိတ်များယိုဖိတ်ကာ ကိုယ့်ရှိတာလေး မျှဝေပေးရန် လက်မနှေး ကြတော့ပါ။ တစ်နိုင်ငံလုံးက သဒ္ဓါတရားကြီးစွာဖြင့် လှူကြတန်းကြသည်မှာ ကမ္ဘာ့ကပင် အံ့သြရလောက်ပါသည်။

နိုင်ငံတော်၏ အမိအဖသဖွယ်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ကိုယ်တိုင် လှည့်လည်ကွင်းဆင်း စစ်ဆေး လမ်းညွှန်ဆောင်ရွက်ပေးခဲ့သည့်အပြင် လေဘေးသင့် ပြည်သူများကို နွေးနွေး ထွေးထွေး တွေ့ဆုံအားပေး၊ ပံ့ပိုးမှုများဆောင်ရွက်ပေးခဲ့ပါသည်။ ကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက ပမာဏကြီးမားစွာ ကိုင်တွယ် ဖြန့်ဖြူးထောက်ပံ့ပေးနေသကဲ့သို့ ပုဂ္ဂလိက စေတနာရှင်များ၊ ရဟန်းရှင်လူ များ၊ ကုမ္ပဏီလုပ်ငန်းရှင်ကြီးများကလည်း လှူရေးတန်းရေးမှာ အားတက် သရော ရှိလှပါသည်။ လိုအပ်သည့်နေရာမကျန်ရအောင် လိုရင် လိုသလို အင်တိုက်အားတိုက် ဖြည့်ဆည်းလှူဒါန်း ပံ့ပိုးနေကြပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နေကြသည့် နိုင်ငံ့အကြီးအကဲများမှစ၍ စေတနာရှင် လူငယ်များ အထိ မုန်တိုင်းသင့် ပြည်သူအားလုံးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ကယ်ဆယ်စောင့်ရှောက် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

ယခုအချိန်တွင် ကျွန်မတို့နိုင်ငံ၌ ပြန်လည်ထူထောင် တည်ဆောက် ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ ပျက်စီးသွားသည့် ကျေးရွာများ ပြန်လည်တည်ဆောက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ခြင်း၊ လူနေအိမ်များ ဆောက်လုပ် ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားချက်လုပ်ငန်းများ လုပ်ကိုင်ခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤအဆင့်ကို အကောင်အထည်ဖော် ရာတွင် နိုင်ငံတော်အပိုင်းက ပံ့ပိုးမှုများအပြင် စေတနာရှင်ပြည်သူများ၏ ပံ့ပိုးလှူဒါန်းမှု၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းကြီးများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ အလှူရှင်များ၏ လှူဒါန်းမှုတို့ကို ပေါင်းစပ်ပြီး အချိန်တိုအတွင်း အောင်မြင်အောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

ယနေ့အခြေအနေမှာ လေဘေးသင့် ပြည်သူများအတွက် စားဝတ်နေ ရေး၊ ကျန်းမာရေးတို့ကို စီစဉ်ပေးထားပြီး ရေရှည်တွင် ဒေသတစ်ခုလုံး၏ လူနေမှုဘဝမြင့်မားစေရန် တဲအိမ်အဆင့်ကနေ သစ်သားအိမ်၊ တိုက်အိမ်အဆင့် အထိ တိုးတက်လာရေး ဖန်တီးပေးထားပြီးဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်နေရပါသည်။ နိုင်ငံတော်နှင့် အလှူရှင်များ၏ စေတနာ သဒ္ဓါတရားမှာ ကြားသိရသူတိုင်း ကြက်သီးဖြန်းဖြန်းထလောက်အောင် မြင့်မြတ်လှပါသည်။

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများ၏ဘဝမှာ၊ ရုပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုး မှုများ ပြည့်စုံလာသည့်အခါ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရဦးမည် ဖြစ်ပါသည်။ လူသားဟူသည် ရုပ်နှင့်စိတ် ဒွန်တွဲလျက်ရှိသည်ဖြစ်၍ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရန်လိုအပ်သကဲ့သို့ စိတ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှုလည်း အလားတူလိုအပ်မည် ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ဘုရင့်နောင်၏ ရဲဝံ့ပြတ်သားသော စိတ်ဓာတ်နှင့် ရဲမက်စစ်သည်တို့၏ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်များကြောင့် နောင်ရိုး တိုက်ပွဲသည် သမိုင်းတွင်ခဲ့ရပါသည်။ ပညာရှင်များကလည်း "ဘာပဲကျကျ စိတ်ဓာတ်တော့ မကျနဲ့"ဟု ဆိုထားပါသည်။ လူ့ဘဝတွင် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားနေရန် အမှန်ပင်လိုအပ်လှပါသည်။

လေဘေးသင့်ဒေသရှိ ပြည်သူများ၏အဖြစ်မှာ ကိုယ့်မျက်စိရှေ့၌ မိဘ ဆွေမျိုး သားသမီးများ သေကျေပျက်စီးသည်ကိုမြင်ရ၊ နေအိမ်အဆောက် အအုံများ ပြိုကျပျက်စီးသည်ကို တွေ့ရနှင့် ကိုယ်တိုင် ဘဝပျက်ခမန်း ခံစား ခဲ့ကြရသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏စိတ်ကို ပြန်မတွေးချင်၊ မတွေးဝံ့သော အဖြစ်ဆိုးကြီးက အချိန်ကာလတစ်ခုအထိ ခြောက်လှန့်ခြင်းကို ခံနေရမည် ဖြစ်ပါသည်။ ၎င်းတို့၏ နှလုံးသားများတည်ငြိမ်စေရန် စိတ်ဓာတ်တွေ တက်ကြွ အောင် အားပေးရန် ကျွန်မတို့ လုပ်ဆောင်ရပါဦးမည်။

လေဘေးသင့်ဒေသရှိ ဆွေမျိုးသားချင်းများကိုအားပေးရန်၊ဖျော်ဖြေရန် လက်နက်များမှာ ရုပ်ရှင်၊ဂီတ၊သဘင်၊အနုပညာနှင့်စာပေတို့ပင် ဖြစ်ပါသည်။ လေဘေးသင့်ဒေသများသို့ ပြည်သူချစ်သော အနုပညာသည်များ သွားရောက် လှူဒါန်းကြ၊ ဖျော်ဖြေကြသည်ကို တွေ့မြင် သိရှိရ၍ မုဒိတာပွားမိပါသည်။ အမြဲတမ်း အားပေးနှစ်သိမ့်မှု ပေးနိုင်ရန်မှာ ၎င်းတို့အတွက် စာအုပ်များ၊ စာကြည့်တိုက်များ ထားရှိပေးခြင်းက အသင့်တော်ဆုံးဖြစ်ပါသည်။

"စာပေသည် တိုင်းပြည်နှင့်လူမျိုး တိုးတက်စေကြောင်းကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုပါသည်။ စာပေသည် ဗဟုသုတ တိုးပွားစေခြင်း၊ အတွေးအခေါ် ရင့်သန်စေခြင်းသာမက စာဖတ် ပရိသတ်အား ကျိုးကြောင်းဆီလျော်သည့် ဖျော်ဖြေမှုကိုလည်း ပေးနိုင်စွမ်း သည်"ဟု အဆိုရှိပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် စာကြည့်တိုက်များကို တည်ဆောက်ပေးခဲ့ပါသည်။ "လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ စာဖတ်တဲ့ အလေ့အထရှိအောင် ဝိုင်းဝန်း ကြိုးပမ်းလုပ်ဆောင် ရမည်"ဟု ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မှာကြား ထားပါသည်။ ဝန်ကြီး၏ မှာကြားချက်ဖြင့် ကျေးရွာပေါင်း ၆၀၀၀၀ ကျော် ရှိသည့်အနက် ၅၅၇၅၅ တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ် ပေးနိုင်ခဲ့ပါသည်။ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်ပေးခြင်း အားဖြင့် -

(၁) ကျေးလက်နေ လူကြီးလူငယ်တို့ အလွယ်တကူ စာပေဖတ်ရှု လေ့လာနိုင်ခြင်း၊
(၂) စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားလာ နိုင်ခြင်း၊
(၃) အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊
(၄) အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊
(၅) ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊
(၆) နိုင်ငံတော်ကိုအကျိုးပြုမည့် သားကောင်း သမီးမွန်များပေါ်ထွန်း လာစေနိုင်ခြင်း ဟူသော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ဖွင့်လှစ်ပြီး စာကြည့်တိုက်များမှ အကျိုးကျေးဇူးများကို ဆွတ်ယူခံစား ရမည့် အချိန်တွင် လေဘေးသင့်ဒေသရှိ ပြည်သူများ၏ စာကြည့်တိုက်ပေါင်း ၂၀၀၀နီးပါးခန့်မှာ မုန်တိုင်းနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုဒေသရှိ ပြည်သူများမှာ အသက်အိုးအိမ် ပျက်စီးခြင်းသာမက သူတို့ဘဝကို နား၊မျက်စိ ဖွင့်၍ ဘဝအလင်းတိုင် ထွန်းညှိပေးမည့် စာအုပ်စာပေများပါ ဆုံးရှုံးခဲ့ရပါသည်။ ရင်နင့်စရာဖြစ်ပါသည်။

စာပေဟူသည် အကန်းကိုမြင်စေ၍ အမှောင်ကို လင်းစေပါသည်။ စာအုပ်စာပေသည် နေမင်းပမာ ထွန်းလင်းပါသည်။ လမင်းပမာ အေးချမ်း ပါသည်။ ရထားပမာ ပို့ဆောင်ပါသည်။ လက်နက်ပမာ ထက်မြက်ပါသည်။ နှလုံးပမာ နူးညံ့ပါသည်။ ထိုမျှလောက် လူ့ဘဝအတွက် တန်ဖိုးကြီးသော စာအုပ်စာပေတို့ကို လိုအပ်နေသူတို့အတွက် လိုအပ်နေသည့် အချိန်တွင် ဖြည့်ဆည်းလှူဒါန်းပေးနိုင်ပါလျှင် "နေအရဏ်သင့် ကြာမုံပွင့်"သည့်ပမာ ကာလဒါနကြီးဖြစ်ပေလိမ့်မည်ဟု ယုံကြည်ပါသည်။

"စာဖတ်ခြင်းက လူတွေကို ပြည့်ဝသူတွေဖြစ်စေသည်"ဟု ၁၅၉၇ ခုနှစ်ကတည်းက ဆာဖရန်စစ်ဘေကွန်က ဆိုခဲ့ပါသည်။ စာအုပ်က လူကိုပြုပြင် ပါသည်။ ကျွန်မတို့လှူဒါန်းမည့် စာအုပ်များက ဗဟုသုတဆင်းရဲမှုကြောင့် လူ့ဘဝ အသိခေါင်းပါးကာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ နိမ့်ပါးရှာသော ကျေးလက်ပြည်သူများကို အလင်းရောင်ပေးပါလိမ့်မည်။ လမ်းညွှန်မှုများ ပေးပါလိမ့်မည်။ ကျေးရွာသူ ကျေးရွာသားများ စာကြည့်တိုက် သို့လာပြီး မေးတတ်မြန်းတတ်၊ စူးစမ်းရှာဖွေတတ်ကြပါလျှင် ၎င်းတို့၏ အခက် အခဲများကို စာအုပ်များက ဖြေရှင်းပေးပါလိမ့်မည်။ စာအုပ်များမှတစ်ဆင့် အခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်ပါလိမ့်မည်။ မိမိကိုယ် မိမိအားကိုးပြီး မိမိဘဝကို တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်ကြောင်း သိမြင်လာကြမှာ ဖြစ်ပါသည်။ စာအုပ်စာပေက လူသားတို့၏ စိတ်ဓာတ်ခွန်အားကို ပေးနိုင်ရုံသာ မက စာပေမှတစ်ဆင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှု အမွေအနှစ်ကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက်သူများ၊ မျိုးနွယ်ကို စောင့်ထိန်းသူများ ပေါ်ထွက် လာစေနိုင်သည်အထိ တန်ခိုးအာနိသင်ရှိတတ်ပါသည်။

အလှူရေစက် လက်နှင့်မကွာ လှူတတ်ကြသော စေတနာရှင် ရဟန်း ရှင်လူ၊ ပြည်သူအပေါင်းအနေဖြင့် လေဘေးသင့်ဒေသများရှိ ပြည်သူများ အတွက် ကျေးရွာတစ်ရွာလျှင် စာကြည့်တိုက်လေး တစ်ခု၊ စာအုပ်လေး ၃၀၀၊ ၄၀၀ ခန့်စသည်ဖြင့် လှူဒါန်းပေးနိုင်ပါလျှင် အမျိုးကိုချစ်သည့် လူမျိုး၊ လဲနေ သူကို ထူတတ်သည့် လူမျိုး၊ ဇာတိနှင့် အစဉ်အလာကောင်းခဲ့သည့် ကျွန်မတို့ လူမျိုးအတွက် အလှတွင် အယဉ်ဆင့်နိုင်မည်မှာ မုချပင်ဖြစ်ပါသည်။ လောက၊ သံသရာ နှစ်ဖြာလှစေသော အလှူဒါနမျိုးဖြစ်ပါ၍ တတ်နိုင်သမျှ လှူဒါန်းကြပါ စေကြောင်း အမျိုးသားရေးအတွက် တွန်းအားပေး နှိုးဆော်လိုက်ရပါသည်။ မုန်တိုင်းသင့်ဒေသများအတွက် စာပေအလင်းတိုင်များ ပွားများထွန်းညှိနိုင်ကြ ပါစေ။ ။

> **စာအုပ်စာပေသည် နေမင်းပမာ ထွန်းလင်းပါသည်။ လမင်းပမာ အေးချမ်း ပါသည်။ ရထားပမာ ပို့ဆောင်ပါသည်။ လက်နက်ပမာ ထက်မြက်ပါသည်။ နှလုံး ပမာ နူးညံ့ပါသည်။**

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၈)တွင် နေအပြည့်အဝကြတ်ခြင်းကို မြင်တွေ့ရသည့် ရုရှားနိုင်ငံ နေကြတ်အပြီး တစ်ပတ် အကြာမှာ ဂျော်ဂျီယာနှင့် ချက်ချင်းစစ်မက်ဖြစ်ပွားခဲ့ဟု နက္ခတ်ပညာရှင်များ အဖွဲ့ကဆို၊ မုန်တိုင်းတစ်လုံးကို သိပ္ပံနည်းကျ ဖျက်ဆီးမှုများပြုခဲ့သော်လည်း အောင်မြင်မှုမရရှိ၊ ရေအောက်တွင်ကျန်ရှိသောသင်္ဘော၂၉စင်းအား Sky Ball များဖြင့် ဆက်လက်ဆယ်ယူမည်၊ မာလာ၊ အားကေ့ခ်၊ နာဂစ်မုန်တိုင်း သုံးနှစ် ဆက် ဝင်ရောက်မှုကိုကြည့်လျှင် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုအခြေအနေ ကို သိရှိနိုင်၊ ဗေဒင်နှင့် စာရေးဆရာမင်းသိင်္ခ နောက်ဆုံးနေ့နှင့် မရမ်းတလင်း ရှင်းတမ်း၊ နို့စားနွားမွေးမြူရေး တိုးချဲ့စီမံကိန်း ၂၀၀၈ခုနှစ်ကုန်အထိ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်၊ Bus Stop ပြုလုပ်ချင်သော ပုဂ္ဂလိက လုပ်ငန်းရှင်များ YCDC နှင့် ဆက်သွယ်ဆောင်ရွက်နိုင်၊ YCDC က ဘိုင်အို ဒီဇယ်စက်ရုံတည်ဆောက်မည်၊ YCDC မှ ရေရှားပါးသော နေရာများအတွက် ဗဟိုရေပေးဝေရေးစခန်းများတည်ဆောက်၊ မူ၊လယ်၊ထက် ကျောင်းတည်ဆောက် ရန် ငွေကျပ်တစ်ဘီလီယံ သုံးစွဲမည်၊ စစ်ရေယာဉ်တစ်စင်းက ကုန်သင်္ဘော တစ်စင်းအား ကယ်ဆယ်ခဲ့၊ ဂျီပီများအတွက် အပ်စိုက်ကုထုံး၊ မလုံခြုံစိတ်မချရတဲ့ လိင်မှုဘဝ၊ ခဲဆိပ်ပါဝင်သော မလေးရှား ချိုချဉ်များအား ဈေးကွက်မှ ပြန်ရုပ် သိမ်း၊ လူကုန်ကူးခံရသူများသေဆုံးခဲ့ရမှုအတွက် ယာဉ်မောင်းဖြစ်သူ ထောင်ဒဏ် အပြစ်ပေးခံရ၊ သင်္ဘောသားလုပ်သက် နှစ်ပတ်မပြည့်မီ မိဘကျေးဇူးဆပ်ခဲ့သည့် သင်္ဘောသား၊ မီတာမတပ်ဆင်ရသေးသည့် တက္ကစီများကို CNG ဆိုင်အချို့ စောင့်၍ အရေးယူလျက်ရှိ၊ ဂျော်ဂျီယာကစစ်ပွဲနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း အရေးပေါ်ကြေညာ၊ ရုရှားနှင့် ဂျော်ဂျီယာပဋိပက္ခ အီရန်စစ်ပွဲသို့ ဦးတည်သွားနိုင် မည်လော၊ အီရန်အား စစ်ရေးအရ အရေးယူရန် အမေရိကန်၏ အစီအစဉ်ကို အစ္စရေးချီးကျူး နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများ ပါရှိသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

တောင်ပိုင်းအော်ဆက်တီးယားမှပြည်သူများထွက်ပြေး ထွက်ပေါက်ပေးရန် ကုလသမဂ္ဂ မေတ္တာရပ်ခံ

စကင်ဗာလီ ဩဂုတ် ၁၁

ရုရှားတပ်ဖွဲ့ဝင်များ ရောက်လာမည်ကို စိုးရိမ်သဖြင့် ဂိုရီမြို့မှ ထောင်ပေါင်းများစွာသော ပြည်သူတို့ ဩဂုတ် ၁၁ရက်က ထွက်ပြေးကြသည်။

စစ်ဖြစ်ပွားသည့်နေရာမှ အရပ်သူ အရပ်သားများ လွတ်ရာသို့ ထွက်ပြေးနိုင်ရေးအတွက် ထွက်ပေါက်များပေးကြရန် နှစ်ဖက်တိုက်ခိုက်သူ များအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န် အိတ်ချ်စီအာရ်)က မေတ္တာရပ်ခံသည်။

ထွက်ပြေး

တောင်ပိုင်းအော်ဆက်တီးယား ခွဲထွက်ဒေသအပါအဝင် ဂျော်ဂျီယာ နိုင်ငံအတွင်းမှ ပြည်သူ ၁၀၀၀၀နှင့် ၂၀၀၀၀ အကြား အိုးအိမ်စွန့်ခွာထွက်ပြေး ကြကြောင်း**(အပေါ်ပုံ)**ယူအင်န်အိတ်ချ်စီအာရ်က ခန့်မှန်းသည်။ ရုရှားနိုင်ငံကမူ ရုရှားနိုင်ငံ မြောက်အော်ဆက်တီးယားပြည်နယ်အတွင်း နောက်ထပ်ထွက်ပြေး လာသူ ၃၀၀၀၀ ကျော်ရှိသည်ဟု ကြေညာသည်။

အပစ်အခတ်ရပ်စဲရေး

ဂျော်ဂျီယာတပ်များက ဩဂုတ် ၁၀ ရက် နံနက် ၅နာရီ ကတည်းက အပစ်အခတ်ရပ်စဲကြောင်း၊ သို့သော် ရုရှားလေယာဉ်များက ဗုံးကြဲနေဆဲ ဖြစ်ကြောင်း ဂျော်ဂျီယာသမ္မတက ကြေညာလိုက်ပြီး သူ့အစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ရုရှားနှင့် အဆက်အသွယ်ရရေး တစ်နေ ကုန် ကြိုးစားသည်ဟုလည်း ထုတ်ဖော်ပြောဆိုသည်။

သို့သော် တိုက်ပွဲဖြစ်ပွားသည့်နေရာမှ ဂျော်ဂျီယာတပ်များ အပြည့်အဝ ဆုတ်ခွာသည့်လက္ခဏာ မတွေ့ရသေးဟု ရုရှားနိုင်ငံခြားရေးဌာန အရာရှိ တစ်ဦးက ပြောဆိုသည်။

ရုရှားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ အများအပြားရှိသည့် ထိုဒေသ အတွင်းမှ အရပ်သားများကို အကာအကွယ်ပေးရမည်ဟု ရုရှားအစိုးရက ကြေညာသည်။

ရုပ်သိမ်းပေး

အပစ်အခတ်ရပ်စဲမှု အကောင်အထည်မဖော်မီ တောင်ပိုင်းအော်ဆက် တီးယားမှ ဂျော်ဂျီယာတပ်များ လုံးဝရုပ်သိမ်းပေးရမည်ဟုလည်း ရုရှား အစိုးရက အခိုင်အမာပြောဆိုသည်။

ထိုအတောအတွင်း ဂျော်ဂျီယာနိုင်ငံမှ အခြားခွဲထွက်ရေးဒေသတစ်ခု ဖြစ်သည့် အခါဇီးယားနှင့်လည်း တင်းမာမှုများ ပေါ်ပေါက်လာသည်။

အီရတ်ရှိ ဂျော်ဂျီယာတပ်ဖွဲ့ဝင်များကိုလည်း ဂျော်ဂျီယာအစိုးရက ပြန်ခေါ်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အမျိုးသားရေးစရိုက်လက္ခဏာများ ပိုမိုရှင်သန်ပွံ့ဖြိုးရေးအထောက်အကူပြု ပြိုင်ပွဲကြီး၏ဦးတည်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်

နေပြည်တော် ဩဂုတ် ၁၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်၊တိုင်းများမှ ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အနုပညာရှင်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပတော့မည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် ကြိုးပမ်းကြရာတွင် ပြီးခဲ့သည့် ဇူလိုင် ၁၄ရက်တွင် ကျင်းပပြီးစီးခဲ့သည့် နာယကကြီးများ ပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေးက လမ်းညွှန်ချမှတ်ပေးခဲ့သည့် ဦးတည်ချက်လေးရပ်ကို အဓိက လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း၊ ယင်းဦးတည်ချက်တွေကတော့-

- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**
- **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။**
- **တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်စေရေးနှင့်**
- **အမျိုးသား ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များပေါ်ထွန်းရေး**

တို့ဖြစ်ကြောင်း။

ဝိုင်းဝန်းလုပ်ဆောင်

ထို့ကြောင့် ယင်းဦးတည်ချက်များကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခု အစည်းအဝေးကိုတက်ရောက်လာသည့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူအားလုံးက ကျရာ နေရာကနေပြီး လုပ်ငန်းတာဝန် အသီးသီးကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ ဝိုင်းဝန်းလုပ်ဆောင်ကြရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းရန်လိုအပ်သော ကော်မတီသုံးရပ်နှင့် ဆပ်ကော်မတီ ၁၃ရပ်တို့ကိုလည်း စနစ်တကျ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့် နာယကကြီးများ တက်ရောက်သော ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းချမှတ်ပေးခဲ့သော ဆုံးဖြတ်ချက်များအရ လာမည့်(၁၆)ကြိမ်မြောက် ပြိုင်ပွဲအတွက် ပြိုင်ပွဲကျင်းပမည့် နေ့ရက်အချိန်ကာလ၊ ပြိုင်ပွဲနေရာသတ်မှတ်ချက်၊ ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ရမည့် ဘာသာရပ်များနှင့် အခြားအဆုံးအဖြတ်ပေးရန် အချက်များကို အသေးစိတ်သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်၍ ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များ၊ ကော်မတီ ဆပ်ကော်မတီများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအနေဖြင့် လာမည့် ပြိုင်ပွဲကြီးအတွက် အစစအဆင်ပြေစွာ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အချိန်မီတင်ပြ

ထို့ပြင် နာယကကြီးများ တက်ရောက်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး ကျင်းပပြီးသည့်နောက်တွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီများအနေဖြင့် ကော်မတီ၊ ဆပ်ကော်မတီများနှင့် အကဲဖြတ်ပညာရှင်အဖွဲ့များ၏ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများဖြစ်သည့် ဆပ်ကော်မတီ အသေးစိတ်ဖွဲ့စည်းခြင်း၊ အကဲဖြတ်ဒိုင်အဖွဲ့များ အသေးစိတ်ဖွဲ့စည်းခြင်း၊ ကော်မတီ၊ ဆပ်ကော်မတီအလိုက် အသုံးပြုရန် လိုအပ်မည့် ခန့်မှန်းငွေကြေး အသုံးစရိတ်တောင်းခံရယူခြင်း၊ ခန့်မှန်းလိုအပ်သော စက်သုံးဆီ အသုံးစာရင်းများ တောင်းခံရယူခြင်း၊ သတ်မှတ် တေးသီချင်းများ၊ တေးသံစဉ်များအား CD ခွေ၊ တိပ်ခွေဖြင့် အသံသွင်းယူပြီး ပြည်နယ်၊ တိုင်းများသို့ စံခွေဖြန့်ဝေရာ၌ အသင့်ဖြစ်အောင် စီမံခြင်း၊ ပြည်နယ်၊ တိုင်းများအလိုက် ဇာတ်ညွှန်းများတောင်းခံခြင်း၊ အခမ်းအနားများနှင့် ပြိုင်ပွဲနေရာများအလိုက် ထားရှိမည့် နောက်ခံဘုတ်များအတွက် ပန်းချီဒီဇိုင်းများ အချိန်မီတင်ပြနိုင်ရေးစီမံခြင်း၊ ပြိုင်ပွဲ၏ အဖွင့်တေးသီချင်းကို အချိန်မီပြင်ဆင်ပြီးစီးနိုင်ရန် စီမံခြင်း စသည့် လုပ်ငန်းများကို လုပ်ငန်းဇယား ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲကာလမတိုင်မီ ပြိုင်ပွဲကြီးအစစအဆင်ပြေစွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုကိစ္စအဝဝကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခုနှစ် ကျင်းပမည့် (၁၆)ကြိမ်မြောက် ပြိုင်ပွဲကြီး၏ ထူးခြားချက်မှာ အဆိုဘာသာရပ်တွင် ခေတ်အကြိုက်တေးသီချင်း ပြိုင်ပွဲကို တိုးချဲ့ထည့်သွင်းပြဋ္ဌာန်း ယှဉ်ပြိုင်ခွင့်ပြုခြင်းပင်ဖြစ်ကြောင်း၊ ယင်းကဏ္ဍကို (၁) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)၊ (၂) အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)၊ (၃) အခြေခံပညာ(အသက်၁၅ နှစ်ပြည့်မှ ၂၀ အတွင်း)အဆင့် (အမျိုးသား၊ အမျိုးသမီး) ဆိုပြီး အဆင့်သုံးဆင့်နှင့် ယှဉ်ပြိုင်စေမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်း အသီးသီးက ပြိုင်ပွဲဝင်များအနေဖြင့် ယင်းကဏ္ဍကို စိတ်ဝင်စားစွာဖြင့် လွယ်ကူအဆင်ပြေစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြလိမ့်မည်ဟု မျှော်မှန်းထားကြောင်း။

ပိုမိုအဆင်ပြေ

ထို့အပြင် ပြိုင်ပွဲဝင်များ အဆင်ပြေလွယ်ကူစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ယခင်နှစ်များက စိုက်ပျိုးရေးသုတေသန ဦးစီးဌာနခန်းမတွင် ကျင်းပခဲ့သည့် အရေးပြိုင်ပွဲနှင့် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲများကို ယခုနှစ်တွင် ခေတ်အကြိုက်တေးသီချင်း ပြိုင်ပွဲနှင့်အတူ တွဲဖက်ပြီး ပြိုင်ပွဲဝင်များ ပိုမိုအဆင်ပြေစွာ ယှဉ်ပြိုင်နိုင်မည့် အမှတ် (၇) တည်းခိုရေးစခန်း သင်တန်းခန်းမ ဆောင်နေရာကို ရွှေ့ပြောင်းယှဉ်ပြိုင်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းကဏ္ဍာဦးစားပေးအလိုက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ဟာကွက်မရှိအောင် လုပ်ကိုင်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ကော်မတီ၊ ဆပ်ကော်မတီများ၏ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းအပိုင်းကို စေ့စပ်သေချာစွာ ပေါင်းစပ်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ပြိုင်ပွဲဝင်များအဆင်ပြေစွာ ယှဉ်ပြိုင်နိုင်ရေး၊ အကဲဖြတ်ပညာရှင်များ အစစအဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ရန်ရှိသည်များကို တိုင်ပင်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုနှစ်တွင်ပါဝင်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်များ၊ လေ့လာသူများ၊ အကဲဖြတ် ပညာရှင်များ၊ ဝိုင်းဝန်းပံ့ပိုး ကူညီသူများ အစစအဆင်ပြေအောင် ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ပင် ပြည်နယ်၊ တိုင်းအသီးသီးက ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အရေအတွက်နှင့် အရည်အသွေးသည် ယမန်နှစ် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အရေအတွက်နှင့် အရည်အသွေးထက် ပိုမိုတိုးတက် ပါဝင်ယှဉ်ပြိုင်ကြရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပံ့ပိုးပေးကြရန် တစ်ဆက်တည်း တိုက်တွန်းပြောကြား လိုကြောင်း။

အတွေ့အကြုံ

ယခုဆိုလျှင် (၁၄)ကြိမ်မြောက်နှင့် (၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နေပြည်တော်၌ အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံကောင်းများ ရရှိပြီးဖြစ်၍ ယင်းအတွေ့အကြုံကောင်းများကို အခြေခံပြီး လာမည့် (၁၆)ကြိမ်မြောက် ပြိုင်ပွဲအတွက် အားသာချက်များကို ပိုမို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ကကြီးမှူးပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် မြန်မာတို့ တန်ဖိုးထား မြတ်နိုးတွယ်တာအပ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ ပြိုင်ပွဲကြီး အစစအရာရာ အဆင်ပြေအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးက တာဝန်ရှိသူများ၊ အကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များက အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြိုင်ပွဲကျင်းပရန် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရပ်များနှင့် မြန်မာ့မူ မြန်မာ့ဟန်စစ်စစ်ဖြစ်သည့် အမျိုးသားရေး စရိုက်လက္ခဏာများ ပိုမို ရှင်သန် ဖွံ့ဖြိုးလာစေရေးအတွက် အဘက်ဘက်က အထောက်အကူဖြစ်စေသည့်အပြင် ဒို့တာဝန် အရေးသုံးပါးကို ဖော်ဆောင်ရာမှာလည်း အရေးပါသည့် အခန်းကဏ္ဍကနေ ရပ်တည်နေခြင်းကြောင့် လာမည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ခေါင်းဆောင်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် သဘာပတိ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ခင်းကျင်းပြသ

ထို့နောက် ညှိနှိုင်းအစည်းအဝေးအပြီးတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အဖွဲ့ဝင်များသည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အသုံးပြုမည့် နမူနာပိုစတာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိ ဘင်္ဂလားပင်လယ်အော်၌ အားကောင်းနေ

ရန်ကုန် ဩဂုတ် ၁၁

ဩဂုတ် ၁၀ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခြင်း၊ အာဖရိကမြောက်ပိုင်း ဘူကီနာဖာဆိုနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ်၁၁ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။

ဩဂုတ် ၁၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၃၅ လက်မ	**ကလေးဝ**	၄ ဒသမ ၀၅ လက်မ
ကျောက်တော်	၃ ဒသမ ၈၆ လက်မ	**ဖလမ်း**	၃ ဒသမ ၆၂ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၂၃ လက်မ	**ရေး**	၃ ဒသမ ၁၁ လက်မ
ဟုမ္မလင်း	၂ ဒသမ ၄၈ လက်မ	**မော်ဘီ**	၂ ဒသမ ၁၇ လက်မ

ဩဂုတ် ၁၂ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာနိုင်သည်။

ဩဂုတ် ၁၂ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ထူးခြားသည့် အခြေအနေ

ဩဂုတ် ၁၁ရက် မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင် တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် မိုင်၁၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။

ဩဂုတ် ၁၀ရက်က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဩဂုတ်၁၁ရက် မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်အရ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

မဟာဓမ္မပါကဓမ္မဗိမာန်တော် ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် ရန်မျိုးအောင်စေတီတော်အနီး စံပြရပ်ကွက်လုံးဆိုင်ရာ မဟာဓမ္မပါက ဓမ္မဗိမာန်တော်ကြီး ဆောက်လုပ်ရန်အတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက်က မူလဓမ္မဗိမာန်ဓမ္မာရုံ၌ ကျင်းပသည်။

ဂုဏ်ပြုလွှာပြန်လည်ပေးအပ်

အခမ်းအနားတွင် ဓမ္မဗိမာန် ဓမ္မာရုံ ဥက္ကဋ္ဌ ဦးစံသိန်းက ဓမ္မဗိမာန်တော်ကြီး အသစ်ဆောက်လုပ်လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေပေးအပ်ပွဲကျင်းပရာ မိဘနှစ်ပါး၊ ခင်ပွန်းနှင့်မောင်တို့အား ရည်စူး၍ အမှတ် ၃၄၀/ခ အောင်သြဘာလမ်း ကြီးပွားရေးရပ်ကွက်နေ ဒေါ်ချို မိသားစုနှင့် ခုနစ်ရက်သားသမီး၊ အလှူရှင်များကောင်းမှုက ငွေကျပ် ၁၅သိန်းပေးအပ်လှူဒါန်းရာ ဓမ္မာရုံဥက္ကဋ္ဌ ဦးစံသိန်းနှင့် အတွင်းရေးမှူး ဦးတင်ဝင်းတို့က လက်ခံယူပြီး အနုမောဒနာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။**(အောက်ဝဲပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

ဓမ္မဗိမာန်တော်ကြီးအတွက် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၆၂၆၄၂နှင့် ၀၉-၅၀-၁၉၅၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၁)

နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း သာကေတမြို့နယ် ရတနာ အိမ်ရာ ရတနာလမ်း အမှတ် ၁၅၉နေ ဦးတင်လှိုင် (မွေးနေ့)-ဒေါ်ခင်စီစီနှင့် သား သမီး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ ၈ ကား ဝါ လမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

ယဉ်ကျေးမှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း စည်းဝေး

နေပြည်တော် ဩဂုတ် ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၉ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဦးစီးဌာနများအလိုက်ပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့်(မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်းရေးရာနှင့်သင်ကြားရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်၊တိုင်း ပြတိုက်နှင့်စာကြည့်တိုက် တာဝန်ခံအရာရှိများ၊ ဌာနခွဲ၊ ဌာနစုတာဝန်ခံအရာရှိများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးကြရာ ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန တနင်္သာရီတိုင်း မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၈)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၇ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ၂၈ဦး တက်ရောက် အောင်မြင်ခဲ့သည်။

ကျိုင်းတုံ

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၄၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)၊ သိုးမွေးစက်ဆွဲ သင်တန်း အမှတ်စဉ်(၇)၊ အိမ်တွင်းမှုလက်မှုသင်တန်း (ကြိမ်) အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၇ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း တက်ရောက်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၅ဦးတက်ရောက် အောင်မြင်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ လားရှိုး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်၊ တာချီလိတ်၊ ကရင်ပြည်နယ် ဘားအံ၊ မြဝတီ၊ မွန်ပြည်နယ် မုဒုံ၊ ရေး၊ တနင်္သာရီတိုင်း ကော့သောင်း၊ ရခိုင်ပြည်နယ် မောင်တော၊ မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူ မြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲ အခမ်းအနားများကိုလည်း သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီးတွင် ကျင်းပကြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ကညွတ်ကွင်းမြို့ ရွာလယ်အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရွာလယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ၏ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၉နာရီက အဆိုပါကျောင်းခွဲ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် ကျောင်းဆောင်သစ် အလှူရှင် ရန်ကုန်မြို့ IBTC ပညာရေးမိသားစုမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် ရန်ကုန်မြို့ (IBTC) ပညာရေး မိသားစုမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းတို့ ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရွာလယ်အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်း ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြစဉ်။
(လယ်/ဆည်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမင်းက စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ အထွေထွေအတွင်းရေးမှူးနှင့် ဧည့်သည်များက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ အထွေထွေ အတွင်းရေးမှူးနှင့် ဧည့်သည်များသည် ကျောင်းဆောင်သစ်ရှိ စာကြည့်တိုက်၊ ကွန်ပျူတာခန်းမ၊ Language Lab နှင့် သိပ္ပံလက်တွေ့ခန်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလေ့လာမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ရွှေမေတ္တာခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးနှင့် အထွေထွေ အတွင်းရေးမှူးတို့က အမှာစကား ပြောကြားကြသည်။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့ ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရွာလယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ထပ် ကျောင်းဆောင်သစ်ရှိ ကွန်ပျူတာခန်းမ၊ Language Labနှင့် သိပ္ပံလက်တွေ့ခန်း များတွင် ကျောင်းသား ကျောင်းသူများ သင်ကြား လေ့လာနေမှုကို ကြည့်ရှုအားပေး စဉ်။ (လယ်/ဆည်)

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင်က လှူဒါန်းရခြင်းကို ရှင်းလင်း ပြောကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူး၊ အထွေထွေအတွင်းရေးမှူးနှင့်တာဝန်ရှိသူတို့က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေး ကိရိယာများကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်မြို့IBTCကုမ္ပဏီ ဒါရိုက်တာ ဦးတင်ဦးက ပညာရေးရန်ပုံငွေအဖြစ်ငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းကြည်က လက်ခံပြီး မြို့မိမြို့ဖ ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာ စာကြည့်တိုက်များ ခိုင်မာရေး သာယာဝတီခရိုင်၌ ဆွေးနွေး

ပြည် ဩဂုတ် ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် ဇူလိုင် ၃၀ရက်က သာယာဝတီခရိုင်ရုံး၌ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများအား ၂၀၀၈-၂၀၀၉ခုနှစ် ဦးစီးဌာန လုပ်ငန်းတာဝန်(၁၁)ရပ်အား စီမံချက်လျာထားချက်နှင့်အညီ လအလိုက် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ၂၀၀၉ခုနှစ်အတွင်း ကျေးရွာစာကြည့်တိုက်များခိုင်မာရေး၊ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရေးတို့ကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် အသေးစိတ် မှာကြားဆွေးနွေးခဲ့သည်။ အလားတူ ပြည်ခရိုင်၌လည်း ဇူလိုင် ၂၈ရက်က တစ်မြို့နယ်ချင်းအလိုက် မှာကြားဆွေးနွေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(တိုင်း ပြန်/ဆက်)**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော်များကပ်လှူရန် အလှူငွေကျပ်တစ်သိန်းကို ဦးအောင်ကျော်မြင့် (ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး-ငြိမ်း) (၁၂)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း ၁ လမ်း (မြောက်)နေ ဒေါ်နှင်းလှနှင့် သားသမီး၊ မြေးများက တာဝန်ခံအလှည့်ကျ ဂေါပက ဦးလှထွန်းအား ဩဂုတ်၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (ဂေါပကအဖွဲ့)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ယှဉ်ပြိုင်

တရုတ်၊ အီတလီနှင့် ဂျပန်အားကစားသမားများ ရွှေတံဆိပ်များဆွတ်ခူး

ပေကျင်း ဩဂုတ် ၁၁

၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပွဲကို ဩဂုတ်၁၁ရက်က ဆက်လက်ကျင်းပရာ နိုင်ငံတကာမှအားကစားသမားများ အကြိတ်အနယ် ပါဝင်ဆင်နွှဲလျက်ရှိသည်။ ထို့ကြောင့် အိုလံပစ်အားကစားပွဲ၌ ပါဝင်ဆင်နွှဲနေသည့် အောင်ပွဲရအားကစားသမားအချို့ကို ဖော်ပြလိုက်ပါသည်။

ဒိုင်ဗင်

အမျိုးသားနှစ်ယောက်တွဲ၁၀မီတာ အမြင့် ချိန်ကိုက်ဒိုင်ဗင်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ၌ တရုတ်ဒိုင်ဗင်သမားများ ဖြစ်သော လင်ယွီနှင့် ဟောင်လိုန်းတို့က အနိုင်ရဗိုလ်စွဲပြီး ရွှေတံဆိပ်ရယူသွားသည်။ အမျိုးသားနှစ်ယောက်တွဲ ဒိုင်ဗင်ပြိုင်ပွဲ၌ တရုတ်အမျိုးသားအသင်းသည် အမှတ်ပေါင်း ၄၆၈ဒသမ၁၈ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒိုင်ဗင် ရွှေ

အမျိုးသားနှစ်ယောက်တွဲ ဒိုင်ဗင်၌ ရွှေတံဆိပ်ရရှိခဲ့သည့် တရုတ်ဒိုင်ဗင်သမားနှစ်ဦး၏ ယှဉ်ပြိုင်ဟန်။

ကြေးတံဆိပ်ရရှိ

လင်ယွီနှင့် ဟောင်လိုန်းတို့သည် ၂၀၀၇ခုနှစ် ကမ္ဘာ့အမျိုးသားနှစ်ယောက်တွဲဒိုင်ဗင်ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့ဖူးသူများ ဖြစ်ကြသည်။ အမျိုးသားနှစ်ယောက်တွဲ ဒိုင်ဗင်ပြိုင်ပွဲ၌ ဂျာမနီမှ ပက်ထရစ်နှင့် ကလင်ဆာချာတို့က ငွေတံဆိပ်ရပြီး ရုရှားမှ ဂယ်ပီအင်နှင့် ဒီမီထရီတို့က ကြေးတံဆိပ်ရရှိခဲ့သည်။

ဂျူဒို

အမျိုးသား ဂျူဒိုပြိုင်ပွဲ လိုက်ဖ်ဝိတ်တန်း၌ ဂျပန်ဂျူဒိုသမား မာဆာတို အူချီရှီဘာက ရွှေတံဆိပ်ဆွတ်ခူး ရရှိသွားသည်။ အူချီရှီဘာသည် ပြင်သစ်နိုင်ငံမှ ဒါဘီလက်နှင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၆စက္ကန့်အတွင်းမှာပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မာဆာတို အူချီရှီဘာသည် အေသင် အိုလံပစ်တုန်းကလည်း ရွှေတံဆိပ်ရယူနိုင်ခဲ့သူဖြစ်သည်။

လိုက်ဖ်ဝိတ်တန်း ဂျူဒိုပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သော အီတလီဂျူဒိုမယ် ဂူလီယာ။

ဆွတ်ခူးရရှိ

ထို့အပြင် အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ၅၇ ကီလိုတန်း၌ အီတလီမှ ဂူလီယာက ရွှေတံဆိပ်ဆွတ်ခူးပြီး နယ်သာလန်မှ ဒီဘို ထရီကတ်လစ်ဘတ်က ၅၆ ဒသမ၇၃ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ အမေရိကန်ရေကူးမယ် ခရစ်စတင်းက ၅၇ ဒသမ ၁၀ စက္ကန့်ဖြင့် ငွေတံဆိပ်နှင့်

အလေးမ ရွှေ

၁၃၈ကီလို မပြီး ရွှေတံဆိပ် ရယူပေးခဲ့သည့် တရုတ် အလေးမမယ် ချန်ယန်ကျင်း။

ရတ်က ငွေတံဆိပ်ရရှိကာ ဘရာဇီးမှ ကတ်လီယန်က ကြေးတံဆိပ် အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

ထို့အတူ အမျိုးသား ၇၃ ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ အဇာဘိုင်ဂျန်မှ မင်မာဒီက ရွှေတံဆိပ်ဆွတ်ခူးပြီး တောင်ကိုရီးယားမှ ဝမ်ကီချန်က ငွေတံဆိပ်ရရှိကာ တာဂျစ်ကစ္စတန်မှ ဘိုကီဗ်က ကြေးတံဆိပ်ရရှိခဲ့သည်။

ရေကူး

အမျိုးသမီးရေကူးပြိုင်ပွဲ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် ဩစတြေးလျမှ ဩစတြေးလျမှ စချီပါက ၅၇ ဒသမ ၂၅စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ဂျပန်မှ ကီတာဂျီမာက ၅၈ ဒသမ ၉၁စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးပြီး နော်ဝေမှ ဒီအိုရင်က ၅၉ ဒသမ ၂၀ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိကာ ပြင်သစ်မှ ဒူဘိုကတ်က ၅၉ ဒသမ ၃၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိသွားသည်။

အလေးမ

အမျိုးသမီး အလေးမပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ၅၈ ကီလိုတန်း၌ တရုတ်အလေးမမယ် ယန်ကျင်းချန်က စုစုပေါင်း ၂၄၄ ကီလိုမပြီး ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ရုရှားမှ ရှန်နိုဗာမာရီနာက ၂၂၇ ကီလိုဖြင့် ငွေတံဆိပ်ရရှိပြီး မြောက်ကိုရီးယားမှ အိုဂျွန်အီက ၂၂၆ ကီလိုဖြင့် ကြေးတံဆိပ်ရရှိသည်။

သေနတ်ပစ်

အမျိုးသား မီတာ ၁၀၀ ရိုင်ဖယ်ပစ်ပြိုင်ပွဲတွင် အိန္ဒိယမှ ဘင်ဒရာ**(အောက်ပုံ)**က ၇၀၀ဒသမ၅မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားပြီး တရုတ်သေနတ်ပစ်သမား

ကျူကျင်က ၆၉၉ ဒသမ ၇မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။ ဖင်လန်နိုင်ငံမှ ကတ်ကီနင်ဟန်ရီက ၆၉၉ဒသမ၄ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

ကိုးကား-ဆင်ဟွာသတင်းများ

၂၀၀၈ ပေကျင်းအိုလံပစ် နိုင်ငံအလိုက် ဆုရရှိမှုအနေအထား

ဩဂုတ် ၁၁ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၉	၃	၂	၁၄
၂	တောင်ကိုရီးယား	၄	၄	-	၈
၃	အမေရိကန်	၃	၄	၅	၁၂
၄	အီတလီ	၃	၃	၂	၈
၅	ဩစတြေးလျ	၂	-	၃	၅
၆	ဂျပန်	၂	-	၂	၄
၇	ဗြိတိန်	၂	-	၁	၃
၈	ချက်	၂	-	-	၂
၉	နယ်သာလန်	၁	၁	၁	၃
၁၀	စပိန်	၁	-	၁	၂
၁၁	ဖင်လန်	၁	-	၁	၂
၁၂	အဇာဘိုင်ဂျန်	၁	-	-	၁
၁၃	အိန္ဒိယ	၁	-	-	၁
၁၄	ရိုမေးနီးယား	၁	-	-	၁
၁၅	ထိုင်း	၁	-	-	၁

မောင်မောင်မြင့်ဆွေ ရေးသားသည်

(ကိုးကား-ဆင်ဟွာသတင်းများ)

ဒဏ်ရာကြောင့် ဒီယာဘီ မကစားနိုင် ကွင်းလယ်ကစားသမားအား ဝင်းဂါး ရှာဖွေ

လန်ဒန် ဩဂုတ် ၁၁

အာဆင်နယ်ကွင်းလယ်ကစားသမား ဒီယာဘီ(အောက်ဝဲပုံ)သည် ဒဏ်ရာကြောင့် တစ်လခန့် နားရမည်ဖြစ်သည့်အတွက် နည်းပြအာစင်ဝင်းဂါးသည် ကွင်းလယ်ကစားသမားတစ်ဦးကို ရှာဖွေရန် ကြိုးစားလျက်ရှိသည်။ ဒီယာဘီ၏ ဒဏ်ရာပိုမို ဆိုးရွားလာသည့်အပြင် အလက်ဇန္ဒားဆောင်းကလည်း ကင်မရွန်းအသင်းနှင့် အိုလံပစ်သို့ ရောက်ရှိနေသဖြင့် ထိုသို့ရှာဖွေရခြင်းဖြစ်သည်။

ဆုံးရှုံးခဲ့ရ

ယခင်နှစ်က အသင်းတွင် ပါဝင်ကစားခဲ့ကြသော ဒီယာရာ၊ ဖလာမီနီနှင့် ဂီဘာလ်တိုဆီးလ်ဗားတို့အား အာစင်ဝင်းဂါး လက်လွှတ်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

ဝင်းဂါး၏ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ခြေစစ်ပွဲ ပထမဆုံးပွဲအဖြစ် နယ်သာလန်မှ စတိဗ်မက်ကလာရင် ကိုင်တွယ်နည်းပြနေသော အက်ဖ်စီတွမ်တီးနှင့် ဩဂုတ်၁၃ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ကွင်းလယ်ကစားသမားကို အပူတပြင်း ရှာဖွေနေခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ဘော်လ်တန်ကစားသမားမီတီ ဝက်စ်ဘရွန်းအသင်းနှင့်သုံးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၁၁

ဝက်စ်ဘရွန်းအသင်းသည် အိုင်ဗရီကို့စ်နှင့် ဘော်လ်တန်ကွင်းလယ်ကစားသမား အက်ဘ်ဒိုလာရီမီတီအား ပေါင်နှစ်သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

တိုးမြှင့်

ခံစစ်မှူးအဖြစ်လည်း ကစားနိုင်သူ အသက်၂၇နှစ်ရှိ မီတီ**(ယာပုံ)**သည် ဝက်စ်ဘရွန်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး ၎င်း၏ ကစားအားပေါ်တွင် မူတည်ကာ ပြောင်းရွှေ့ကြေး ပေါင် ၂ ဒသမ ၅သန်းသို့ တိုးမြှင့်ပေးမည် ဖြစ်သည်။

မီတီသည် ယခုရာသီတွင် ဝက်စ်ဘရွန်းမန်နေဂျာ တိုနီမော်ဘရေး၏ ရှစ်ဦးမြောက် ခေါ်ယူစာချုပ်သော အားကစားသမားဖြစ်သည်။ ဟူးလ်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားခဲ့သူ မီတီသည် မာဆေးအသင်းတွင် ငါးနှစ်တာကာလအတွင်း ၅၆ပွဲပါဝင်ကစားခဲ့ပြီး ၂၀၀၆ခုနှစ် ဇူလိုင်လတွင် ဘော်လ်တန်အသင်းသို့ ရောက်ရှိခဲ့သူ ဖြစ်သည်။

(အင်တာနက်)

စပါးခံစစ်မှူး ကဘူးလ် ပို့စ်မောက်နှင့်အပြီးသတ်စာချုပ်မည်

လန်ဒန် ဩဂုတ် ၁၁

စပါးခံစစ်မှူးယွန်နက်စ်ကဘူးလ်(အောက်ပုံ)**သည် ဩဂုတ်၈ရက်က ပို့စ်မောက်အသင်းနှင့် လူတွေ့စစ်ဆေးမှုခံယူပြီး သဘောတူညီမှုရရှိခဲ့ပြီးနောက် ယင်းအသင်းသို့ စာချုပ် ချုပ်ဆို ပြောင်းရွှေ့တော့မည်ဖြစ်သည်။**

အသက်၂၂နှစ်ရှိ ခံစစ်မှူးကဘူးလ်သည် ပို့စ်မောက်အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

စီစဉ်လျက်ရှိ

ကဘူးလ်သည် ပြီးခဲ့သည့်ဇူလိုင်လက အော့ဇေးအသင်းမှ စပါးအသင်းသို့ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့ ရောက်ရှိလာသူဖြစ်သည်။ ပို့စ်မောက်အသင်းသည် ၎င်းတို့၏အသင်းမှ ကွင်းလယ်ကစားသမား ဆူလီမွန်တာရီအား ပေါင်၁၂ဒသမ၇သန်းဖြင့် အင်တာမီလန်သို့ ရောင်းချပြီးနောက် အသင်းအား အင်အားပြန်လည်ဖြည့်တင်းရန် စီစဉ်လျက်ရှိသည်။ (အင်တာနက်)

လော့စ်အိန်ဂျလိစ် တင်းနစ်ပြိုင်ပွဲ ဒယ်လ်ပေါ့ထရိုက ရှော့ဒစ်ကို အနိုင်ရဗိုလ်စွဲ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပသော တင်းနစ်ပြိုင်ပွဲတွင် အာဂျင်တီးနားမှ မာတင်ဒယ်လ်ပေါ့ထရို**(အောက်ပုံ)**က ၎င်း၏ သုံးပွဲဆက်တိုက်နိုင်ပွဲအဖြစ် အန်ဒီရှော့ဒစ်ကို အနိုင်ရပြီး ဆုဖလားဆွတ်ခူးခဲ့သည်။

ဆက်တိုက်အနိုင်ရ

အသက်၁၉နှစ်ရှိ ဒယ်လ်ပေါ့ထရိုသည် အမေရိကန်တင်းနစ်ပြိုင်ပွဲနှစ်ခုကို ပထမဦးဆုံး ဆက်တိုက်အနိုင်ရသူဖြစ်ပြီး ပြိုင်ဘက်အား ၆-၁၊ ၇-၆၊ (၇-၂)ဖြင့် အင်တိုက် အားတိုက် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့သည်။

အရပ် ၆ပေ ၆လက်မရှိ ဆယ်ကျော်သက် ဒယ်လ်ပေါ့ထရိုသည် လွန်ခဲ့သည့်လက စတုဂတ်နှင့် ကစ်ဇ်ဘူဟယ်လ် တင်းနစ်ပြိုင်ပွဲများတွင် ဆက်တိုက်အနိုင်ရရှိကာဆုဖလားဆွတ်ခူးခဲ့သူဖြစ်ပြီးလော့စ်အိန်ဂျလိစ်ပြိုင်ပွဲတွင်လည်း ဆက်လက် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ယူအက်စ်ပီဂျီအေဖလား ဂေါက်ရိုက်ပြိုင်ပွဲ ဟာရင်တန် ဆုဖလား ဆွတ်ခူး

ကယ်လီဖိုးနီးယား ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ အော်ကလန်ဟေးလ်၌ ကျင်းပသော အကြိမ်(၉၀)မြောက် ယူအက်စ်ပီဂျီအေ ဂေါက်ရိုက်ပြိုင်ပွဲတွင် ပက်ဒရစ်ဟာရင်တန်သည် ဒုတိယမြောက်အောင်ပွဲအဖြစ် ယူအက်စ်ပီဂျီအေ ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

ဆုဖလားရယူ

အိုးပင်းဆုဖလားနှစ်ဆုပိုင်ရှင် ဟာရင်တန်(ယာပုံ)သည် ဩဂုတ် ၉ရက်က ဆာဂျီယိုဂါစီယာနှင့် ဘင်ကာတစ်တို့အား ကျော်ဖြတ်ကာ ရိုက်ချက်ပေါင်း ၆၆ချက်ဖြင့် သတ်မှတ်ရိုက်ချက်အောက် သုံးချက်လျှော့ရိုက်ကာ ပြိုင်ပွဲကိုအဆုံးသတ်ပြီး ဆုဖလားကို ရယူခဲ့သည်။

ဂါစီယာသည် သတ်မှတ်ရိုက်ချက်အောက် တစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၆၈ချက်၊ ကာတစ်သည် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ကာ ရိုက်ချက်ပေါင်း ၇၁ချက်ဖြင့် ပွဲသိမ်းခဲ့ရသည်။ (အင်တာနက်)

ကျိုက်မှော်ဝန်းရေလယ်စေတီတော်ဂေါပကအဖွဲ့ ကျောက်တန်းမြို့ ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်တွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးပြိုင်ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) ဘုရားကုန်းတော်ပေါ်၌ ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်း၊
(ခ) ဘုရားကုန်းတော်ပေါ်၌ ငါးစာရောင်းချခြင်းလုပ်ငန်း၊
(ဂ) မြို့ဘက်ကမ်း၌ ဘုရားပုံတော်ထုတ်ဝေရောင်းချခြင်းလုပ်ငန်း၊
(ဃ) မြို့ဘက်ကမ်း၌ ဖိနပ်သိမ်းဆည်းခြင်းလုပ်ငန်း၊

၂။ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၉-၈-၂၀၀၈ရက်၊ ၁၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။ ပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ဂေါပကရုံး ဖုန်း-၀၅၆-၂၅၀၅၇ တွင် စုံစမ်းဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ကျိုက်မှော်ဝန်းရေလယ်စေတီတော်ဂေါပကအဖွဲ့။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏ပုံတော်နှင့် စေတီတော်ပရဝဏ်ရှိ ရုပ်ပွားတော်များအား ဂေါပကအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ဓာတ်ပုံရိုက်ကူး၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။ လိုက်နာခြင်းမရှိက လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ဂေါပကအဖွဲ့။

ပျင်းနေလားဟင် !

အပျင်းပြေပြီး စိတ်ထဲမှာ ကြည်နူးလန်းဆန်းသွားအောင် Jasmine Phyu ဆိုင်လေးထဲကို ခဏလောက် လာကြည့်ပါလား ....

လိပ်စာရေးပေးလိုက်မယ်နော် ....



ဦးခင်မောင်နုနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ အမှတ် ၅၉၀(ဘီ)၊ စိတ္တသုခလမ်းနေ (အဖ)ဦးဝင်း-(အမိ)ဒေါ်သိန်းကြည်တို့၏ ခြောက်ယောက်မြောက်သမီး ကျွန်မ မသီတာဝင်း (တီဂျီကေအင်န်-၀၃၆၈၈၁)ကိုင်ဆောင်သူသည် ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်း၊ တိုက် ၁၇၄၊ အခန်း ၆နေ (အဖ)ဦးကြံပု-(အမိ)ဒေါ်ကေးတို့၏သား ဦးခင်မောင်နု ၁၂/သဃက(နိုင်)၀၀၇၅၄၅ ကိုင်ဆောင်သူနှင့် လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးရန် ဒဂုံမြို့သစ်(တောင်ပိုင်း)တရားရုံးတော်သို့ ဦးတိုက်စွဲဆိုလျှောက်ထားခဲ့ရာ ရုံးတော်တရားမကြီးမှုအမှတ်(၁၁/ ၂၀၀၈)ဖြင့် အမှုလက်ခံကြားနာစစ်ဆေးပြီး တရားလို မသီတာဝင်း လျှောက်ထားစွဲဆိုသည့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုသည့် အမိန့်နှင့်ဒီကရီကို စရိတ်နှင့်တကွ အနိုင်ပေးအမိန့်ချမှတ်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ဦးခင်မောင်နုနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း သိရှိစေရန်ကြေညာအပ်ပါသည်။

မသီတာဝင်း (တီဂျီကေအင်န်-၀၃၆၈၈၁)
အမှတ် ၅၉၀(ဘီ)၊ စိတ္တသုခလမ်း၊ (၁၆/၄)ရပ်ကွက်၊
သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ဘုရားဖူးငါးများရောက်ရှိနေပါပြီ

နှစ်စဉ်လာမြဲဖြစ်သော ဝါထပ်/မထပ်ကိုသိ၍ အသက်လွှတ်အစာများကိုသာကျွေးရသော ဘုရားဖူးငါးများ ရောက်နေပြီဖြစ်၍ ဘုရားဖူးငါးစာကျွေး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့
စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား
ကျောင်းတော်ရာမြို့သစ်
ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၁က/၉၆၁၇၏ အခွန်ကျေပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

ဖုန်း-၀၉-၉၉-၇၁၁၃၈။

လေလံတင်ရောင်းချရန်ကြော်ငြာ

မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ကော်စက်ရုံ၊ ဝါးတရာရှိ ဖော်မလင်ပုံးခွံလွတ်များကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်နေရာ	-	ကော်စက်ရုံ၊ ဝါးတရာ ရွှေပြည်သာမြို့နယ်။
(ခ) လေလံတင်ရောင်းချမည့်ရက်	-	၂၇-၈-၂၀၀၈ ရက် နံနက် ၁၀း၃၀ နာရီ
(ဂ) လေလံလျှောက်လွှာဝယ်ယူနိုင်သည့်နေရာ	-	ကော်စက်ရုံ၊ ဝါးတရာ
(ဃ) လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်	-	၁၄-၈-၂၀၀၈ ရက်
(င) လေလံလျှောက်လွှာပိတ်မည့်ရက်	-	၂၆-၈-၂၀၀၈ ရက်

လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၂၀၀၀ဖြင့် ဝယ်ယူ၍ သတ်မှတ်ရက်၊ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

အမည်ပြောင်း

ဦးတလွန်း-ဒေါ်နန်းအိမ်တို့၏သား ပင်လုံမြို့ အလက(၁) စတုတ္ထတန်းမှ ခွန်တမောင်းအား ခွန်ထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ခွန်ထွန်းအောင်
စတုတ္ထတန်း၊ အလက(၁)ပင်လုံမြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မကျိန်မွန်းလျှန် နိုင်ငံကူးလက်မှတ် အမှတ်-၈၀၁၂၀၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၇၀၅၀၃၈၂။**

CNG Taxi အိမ်ပေးငှားမည်

Daewoo Mamas Micro Bus အမျိုးအစား 93 Model ၊ အင်ဂျင်ပြောင်းပြီး၊ Gas အိုး (50 L)၊(28 L) နှစ်အိုးတပ်ဆင်ထားသည်။

ဖုန်း-၀၁-၂၉၈၀၃၀၊ ၀၉-၅၀ ၂၈၁၉၅ ၀၉-၅၁၆၆၄၇၄။



ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ် ၃၃၊ မြေညီထပ်တိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမြဝင်း ၁၂/ဗဟန(နိုင်) ၀၅၉၁၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားပြည့်စုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စိန်မမ(စဉ်-၁၅၅၆)	**ဒေါ်ဇာခြည်အောင်(စဉ်-၂၅၂၃၅)**
B.A (Law) LL.B	**LL.B (Q), LL.M (Credit)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁/၄၊ အဝေရာလမ်းသွယ်
ဘောက်ထော်၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

ရောဝတီတိုင်းဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၁

ရောဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)တို့ စုပေါင်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ၁၆ပါး၊ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှစ်ပါး စုစုပေါင်း ဆရာတော် ၁၈ပါးတို့အား နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၂၁/၄၃-စီ ကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ရောဝတီတိုင်းအတွင်းရှိမြို့နယ်အသင်းများနှင့် မြို့နယ်သူ မြို့နယ်သားအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ လာရောက်ကြည်ညိုနိုင်ကြရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေများ ပါဝင်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၃၇၀၅၇၉၊ ၃၈၁၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်းကြီး၏ လေဘေးသင့်ပျက်စီးသွားသော ခုဒ္ဒကကျောင်းဆောင် ပြန်လည်ပြုပြင်ရန်အတွက် အမှတ် ၁၃၁၊ ၁၃၃ ရွှေတိဂုံဘုရားလမ်း (၇)ရပ်ကွက် လသာမြို့နယ် ရန်ကုန်မြို့နေ (သခင်) ဦးဘငွေး-ဒေါ်စိန်ခင်တို့အားရည်စူး၍ မြေးဖြစ်သူ မောင်ဘုန်းလွင်မိုးက ငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကြည်နှင့် အမှုဆောင် ဦးမြင့်လွင်တို့က လက်ခံယူကြစဉ်။ (မြန်မာ့အလင်း)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း တောင်ကြီး၌ဖွင့်

တောင်ကြီး ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၃၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးများကိုယ်စား ထီဖောင်းကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးဝင်းအား စာကြည့်တိုက်မှူးတာဝန်ပေးအပ်ခြင်းကိုလည်းကောင်း၊ကျေးရွာအုပ်စု ၁၇အုပ်စုတွင် ဖွင့်လှစ်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၇တိုက်ဆိုင်ရာ အချက်အလက်စာရင်းဇယားများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဦးခမ်းက ကျေးရွာအုပ်စု စာကြည့်တိုက်မှူးကိုယ်စား နောင်လေကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ စာရေး ဦးခွန်တင့်လွင်အား လွှဲပြောင်းပေးအပ်သည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနီက အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ စုစုပေါင်း အင်အား ၂၁၀ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဝိပဿနာတရားတော်များ တည်တံ့ပြန့်ပွားရေး တရားစခန်း မြစ်ကြီးနား အောင်နန်းရိပ်သာ၌ဖွင့်

မြစ်ကြီးနား သြဂုတ် ၅

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ သတိပဋ္ဌာန် ဝိပဿနာတရားတော်များ တည်တံ့ပြန့်ပွားရေးလုပ်ငန်းစဉ် သြဝါဒနှင့်အညီ နေ့စဉ်၌နှင့်လစ် မြဲဖြစ်သော ဝါတွင်းတရားစခန်းဖွင့်ပွဲကို သြဂုတ် ၁ရက် နေ့လည် ၁နာရီက မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာ မဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ရည်မျှော်ရဲကြောင့် ကျင်းပသည်။

ရှေးဦးစွာ မြစ်ကြီးနား၊ မိုးကောင်းနှင့် နမ္မတီးမြို့တို့မှ တရားစခန်းဝင်ယောဂီများနှင့် ဥပဿသည်ယောဂီများက သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တအာဒီနွယ်သ(မဟာကမ္မဋ္ဌာနာစရိယ)ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပုသ်နေ့တရားဟောကြားချီးမြှင့်သည်။(အပေါ်ပုံ)

ဆက်လက်၍ ယောဂီအဆောင်မှူးက နေ့စဉ်ဆွမ်းအလှူရှင်များစာရင်းကို ဖတ်ကြားပြီး အနေဝေးနာ ဂုဏ်ပြုလွှာများ ပေးအပ်သည်။

တရားစခန်းကို ဆရာတော် ဘဒ္ဒန္တ အာဒီနွယ်သ(မဟာကမ္မဋ္ဌာနာစရိယ)ကိုယ်တိုင်ကြီးကြပ်၍ မဟာစည်ဆရာတော်ကြီး၏ ဥပမိသယဃအတိုင်း ဟောကြားပြသမည့်အပြင် နေ့တရားပွဲမျာားအဖြစ် ဘဒ္ဒန္တဝိသုဒ္ဓ (ဓမ္မာစရိယ၊ မဟာဂန္ဓဝါစကပဇ္ဇောတ)၊ အရှင်ဣန္ဒက(ရမ်းဗဲ)နှင့် အရှင် အာစာရ (ရွှေဘိုတို့က ဝိပဿနာတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၀၀၃)

ဖြိုနှယ် သတင်းများ

ဖြူးဖြိုနှယ် စည်ပင်သာယာရေးအဖွဲ့ ၁၅လမ်း သန့်ရှင်းရေး ဝန်ထမ်းအိမ်ရာတွင် လေးခန်းတဲ့ သန့်စင်ခန်း တည်ဆောက်နေမှုနှင့် ဝန်ထမ်းအိမ်ရာ အမိုးပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇူလိုင် ၇ရက်က ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဓော်ဓော်ခန်းတို့က ရှင်းလင်းတင်ပြစဉ်။ (ဖြိုနှယ်စည်ပင်)

ကန်ကြီးထောင်ဖြိုနှယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ခင်ဖြူရွင်လမ်း ကတ္တရာခင်းရန် ကျောက်များစုဆောင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန့်စင်ထွဋ်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဖြိုနှယ်စည်ပင်)

ဗိခင်နို့စုနစ်တကျတိုက်ကျွေးရေးအထိမ်းအမှတ် မြိတ်မြို့၌ ကျင်းပ ဖြိုနှယ် မိခင်/ကလေးအသင်းပိုင် သားဖွားခန်းအတွက် ငွေလျှူဒါန်း

မြိတ် သြဂုတ် ၁၀

တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တတတိအထိမ်းအမှတ် အခမ်းအနားကို သြဂုတ် ၇ရက် နံနက် ၉နာရီခွဲက မြိတ်မြို့ ပုလဲရဝန်ကုန်းမ၌ ကျင်းပသည်။

ပညာပေး

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ပွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစီစဉ်ဆန္ဒချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဆော်ဦးက အဖွင့်အမှာ စကားပြောကြားပြီး မြိတ်အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာချိုချိုဝင်းက မိခင်နို့တိုက်ကျွေးရေးနှင့် ပတ်သက်၍ ပညာပေးဟောပြောသွေးနှေးသည်။

လက်ခံ

ထို့နောက် အလှူရှင်များကို မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် သားဖွားခန်းအတွက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ပွံ့ဖြိုးရေး ကောင်စီက ငွေကျပ်သိန်း ၂၀၀၀ တိုင်းမှူး ဗိုလ်ချုပ်ခင်ဆော်ဦးက လည်းကောင်း၊ ဦးလှဝင်း-ဒေါ်အေးအေးသွယ်(ဓင်ယောမင်းကုမ္ပဏီ)က ငွေကျပ် ငါးသိန်းကို လည်းကောင်း လှူဒါန်းရာ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းခွေးက လက်ခံသည်။

ယင်းနောက် မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအတွက်ငွေကျပ် ၂၂၀၀၀ တန်နိုးရှိ သားဖွားခုတင်တစ်လုံးကို တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းခွေးက လှူဒါန်းရာ မြိုနယ်အသင်းဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်ပြီး တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းခွေးက မိခင်နို့စနစ်တကျ တိုက်ကျွေးရေး စံပြဆုရရှိသော ပလတိုက်နယ် ဆေးရုံအတွက် ဆုများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဆော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းခွေး မိသားစုတို့က လူဒါန်းသည့်ဆေးသေသေပင် အတွက် ငွေကျပ်တစ်သိန်းပေးအပ်လူဒါန်းရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံသည်။

ထို့နောက် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းခွေးက ကိုယ်ပစ္စည်းများ ကိုယ်ပိုင်ဝင်ငွေ ဝင်ငွေ၊ ကုန်ကျစရိတ်ပါ ခန့်မှန်းခြေ ကျပ်သိန်း ၅ဝ ခန့်ကို ကိုယ်ပိုင်ရန်ပုံငွေ ပေးလှူခဲ့ကြောင်း သိရသည်။ (ဝ၄ဃ)

စမ်းချောင်းမြို့နယ် လင်းလွန်းပင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် အလှူငွေများ လှူဒါန်း

ရန်ကုန် သြဂုတ် ၁၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်အတွင်းရှိ မုနိတိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ရေးဟောင်းသိမ်တော်ကြီးနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် အမှတ်(၈-ခ)နတ်မော်လမ်း တာဂလေးရပ် ဟသ်တဖြိုးနေ ဦးထွန်းဆောင်ကျော်အား ရည်စူး၍ ရွေ့ခင်းဆီဆန်စက်၊ ဆီစက်ပိုင်ရှင် ဒေါ်ကြည်ကြည်မိန်နှင့် သားသမီး၊မြေမိသားစုတို့က အလှူငွေကျေပ် ၁၅သိန်းကို ပဓာန နာယက ဆရာတော်ဘဒ္ဒန္တဥာဏာစာရဏ္ဍ ဆက်လပ်လှူဒါန်းသည်။(အပေါ်ပုံ)

ပြန်လည်ပြုပြင်ဆဲ ကျောင်းဆောင်များအတွက် လှူဒါန်းလိုပါက လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း- ၅၃၇၆၅၇၁သို့ ဆက်သွယ်၍ ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဖြိုနှယ် မြန့်/ဆက်)

ရွှေဘိုဖြိုနှယ် စည်ပင်သာယာရေးအဖွဲ့ သီဝီဂလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို ဇူလိုင် ၂၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဒီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းမင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဖြိုနှယ်စည်ပင်)

နှစ်လက်မခက်ရေတွင်း ပန်းမော်ဖြို့ဦးတူးဖော်

ဇန်းမော်ဖြိုနှယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေရရှိရေးအတွက် ခူးလီကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ဝရက်က ဆောင်ရွက်ရာ မြိုနယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန့်/ဆက်)

ပြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး အချိုပြုလွှာနှင့် ရင်ထိုးတံဆိပ်များ ဆားလင်းကြီး၌ပေးအပ်

ဆားလင်းကြီး သြဂုတ် ၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာ၊ အချိုပြုလွှာနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ပွဲကို ဇူလိုင် ၂၅ရက် နွေးလွဲ ၂နာရီက ဆားလင်းကြီးမြို့ ချည်မျှင်နှင့်အထည်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ချည်မျှင်နှင့်အထည်စက်ရုံ(ဆားလင်းကြီး)စက်ရုံမှူး ဦးမင်းဓိန်က အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင်ဂုဏ်ပြုလွှာ၊ အချိုပြုလွှာနှင့် ရင်ထိုးတံဆိပ် စုဝဖဲနုံ့ဂို့ကို မြိုနယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေးငွေးဝင်းက ချည်မျှင်နှင့် အထည်စက်ရုံ(ဆားလင်းကြီး) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ချည်မျှင်နှင့်အထည်စက်ရုံ (ဆားလင်းကြီး)ဒုတိယစက်ရုံမှူး ဒေါ်နန်းဆိုင်လေဝင်ထံ ပေးအပ်ကြောင်း သိရသည်။ (ဖြိုနှယ် မြန့်/ဆက်)

မော်လမြိုင်၌ ခိုင်မာစာကြည့်တိုက်များရရှိရေး စီမံချက်ကာလအတွင်း အရိုန်အဟုန်မြင့်ဆောင်ရွက်

မော်လမြိုင် သြဂုတ် ၇

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဆောင်သည် ဇူလိုင် ၂၉ ရက်က မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာန စာကြည့်တိုက် ခန့်မှန်း မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် မြိုနယ်နှင့် မြို့ဦးစီးများများ အား တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် လက်ထောက်ညွှန်ကြားရေးမှူးက ပြန်/ဆက်ဦးစီးဌာနရှိ ၂၀၀၈-၂၀၀၉ခုနှစ်အတွက် ရေးဆွဲပေးသော လုပ်ငန်းဘာဝင်နေများကို ပီဂိပြင်ပြင် အကောင်အထည် ဖော်ဆောင်ရွက်ရေးနှင့် နိုင်မာ စာကြည့်တိုက်များ ရရှိရေးကို စီမံချက်ကာလအတွင်း ပြီး ပြတ်အောင် ဆောင်ရွက်နိုင် ရေးအရှိန်အဟုန်မြင့် ကြိုးပမ်း ဆောင်ရွက်ရန်ဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီး အရာရှိ ဒေါ်လှလှဦး၊ မော်လမြိုင် ခရိုင်၏ နိုင်မာ စာကြည့်တိုက် ဂုဏ်ရေး စီမံချက် လျှပ်ထားမှုနှင့် အကောင်အထည်ဖော်ဆောင် ရွက်နိုင်မှု အခြေအနေကို လည်းကောင်း၊ မြို့နယ်နှင့် မြို့များ ဦးစီးများများက မြို့နယ်နှင့် မြို့များအလိုက် ကျင်းဆင်း ဆောင်ရွက်မှု အခြေအနေများကိုဆွေးနွေး တင်ပြကြသည်။ (ခရိုင် ပြန့်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြင်းခြံလမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် အောက်ခြေ ရှင်းမှုကို အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်မော်မော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဖြိုနှယ်စည်ပင်)

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၇၁၂၊ ယ/၃၉၆၁၀၊ ယ/၉၉၀၇၆၊ ၁ယ/၅၇၃၉၅ ဟွန်ဒါ C 90 ယာဉ်များ လက်ဝယ်ရှိသူ ဒေါ်လွင်မာထူး ၉/ခအဇ(နိုင်) ၀၂၃၇၆၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

Diamond City Shopping Centre & Hyper Mart

FMI City ... ရန်ကုန်မြို့။ ဖုန်း-[illegible]

e-mail : diamondcity@[illegible]

... Shopping Centre ... One Stop Hypermart, Beauty Salon, Coffee Shop, Fancy Shop, Cyber Cafe, Cosmetic, Electronic Mart, Mobile Shop, ... Thai Food, Japanese & Korean, European, Chinese Restaurant, Modern Furniture Mart ... One Stop Shopping Centre ... Hyper Mart ...

MCC IT Studies

International Diploma in Computer Studies

... MCC Scholarship 2008 ... MCC Franchise Center ...

FAME LADYMAX

Natural cosmetic series

Anti-wrinkle Cream

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လားရှိုးတက္ကသိုလ်တွင်အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

Furniture

1.	Book Stand (Iron) 3ft x 1½inch x 6½ft	၁၀ လုံး
2.	Book Stand (Iron) for Display 4ft x 6inch x 6½ft	၁ လုံး
3.	Newspaper and Journal (Stand, Iron) 1½ft x 4½ft	၁ လုံး

Lab Equipment (Glassware, Apparatus, map etc)

-	Plane table (metal) with steel aliade	၁ ခု
-	Kelway soil pH and moisture meter	၁ ခု
-	Magellan Explorist 210 GPS	၁ ခု
-	Stereoscope	၁ ခု
-	Digital multimeter	၁ ခု
-	Low voltage power supply	၁ ခု
-	Freezer for laboratory use	၁ ခု
-	Suxblet extractor	၁ ခု

Office Equipment

1.	Copy Printer (Duplo, 205-BZ) Japan	၁ ခု
2.	Laser Printer A4, 12 PPM (mono only) 2400 x 600 dpi, USB Interface	၁ ခု

ရုံးသုံးစက္ကူနှင့် စာရေးကိရိယာပစ္စည်းများ

(က) ရုံးသုံးစက္ကူ (ပြည်တွင်း/နိုင်ငံခြား/ဖယောင်း) — ၆ မျိုး

(ခ) မှတ်ပုံတင်စာအုပ်များ

(ဂ) Copier, Printer and Fax Toner — ၃ မျိုး

၂။ တင်ဒါပိတ်ရက်မှာ ၂၁-၈-၂၀၀၈ ရက်(ကြာသပတေးနေ့) မွန်းတည့်၁၂ နာရီဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
လားရှိုးတက္ကသိုလ်
ဖုန်း-၀၈၂-၂၃၄၂၂၊ ၂၃၈၆၈။

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၆၈၂ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်ဟိန်း ၉/ခအဇ(နိုင်)၀၃၁၉၅၅ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၁၁၇၆၄ Honda Wave NF 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်စပယ်ကြူ ၆/မအရ(နိုင်) ၁၀၀၆၇၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဦးစီးမှူးရုံး(မြိတ်)။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒေ့ပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တမူးခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် တမူးမြို့။	နှင့်	၁။ ဦးစိန်ဝင်း ၂။ ဦးဝင်းမြင့်ထူး
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၁)ရက် မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တမူးမြို့ မြို့မ(၅)ရပ်ကွက် အကွက်အမှတ်(၂၄) ဦးပိုင်အမှတ်(၁၄) ဧရိယာ ဝဒသမ၄၅၃ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၃၆)ပေ၊ (၁၈×၉)ပေ ၄ ½လက်မထုနံကပ် တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၁၈၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၈ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းအောင်
ခရိုင်တရားသူကြီး
တမူးခရိုင်တရားရုံး။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုဗယ်ဆုရှင်စာရေးဆရာကြီး ...

[illegible]

(D.Litt)(Ph.D) ...

[illegible]

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆင္ဃသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာ့အေး စေတီတော် ထီးတော်သစ်တင်လှူပူဇော်ရန်အတွက် မိခင် ဒေါ် ကြည် အား အမှူးထား၍ သားသမီးများ ဖြစ်ကြသော အမှတ်၇၇၀ ရတနာလမ်း ၁၆/၁ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အေးကျင်၊ ညီမ မကြူကြူခင်၊ ညီအစ်ကို မောင်နှမတစ်စုက အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ဦးသိန်းဦးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ဂေါပကအဖွဲ့)

ဖလမ်းမြို့၌ စက်ချုပ်နှင့်သိုးမွေး သင်တန်းများဆင်း

ဖလမ်း ဩဂုတ် ၁၀

ဖလမ်းမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၈/၀၈)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁၄/၀၈)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၁၂/၀၈)သင်တန်း ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီက ဖလမ်းမြို့ အဆိုပါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင် ခေတ္တဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးဇော်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်း ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မသက်ဆိုင်ပါကြောင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မသီတာညွန့် ၁၂/တမန(နိုင်)၁၁၄၂၉၈သည် ၂၃-၁-၂၀၀၈ ရက်မှစ၍ မိမိသဘောဖြင့် အိမ်မှထွက်သွားပြီး ယနေ့တိုင်ပြန်မလာပါသဖြင့် ဇနီးအဖြစ်မှ အပြီးစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူပါကြောင်း။

မောင်အောင်သီဟ ၁၂/မဂတ(နိုင်)၀၈၇၈၄၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ျ/၁၇၁၃ Toyota Corolla S/L ယာဉ်လက်ဝယ်ရှိသူ ဦးမြဦး မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၀၄၅၁၄၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်မြို့)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၈၃၁၅ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၉/မဟမ(နိုင်)၀၁၅၇၂၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၆၃၄၈ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/ပသက(နိုင်)၀၁၅၉၅၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဟားခါးမြို့ ပြည်တော်သာရပ်ကွက်နေ ဦးထောင်မှုန်-ဒေါ်ကိုင်လျှာန်းတို့၏သား **မောင်တလွန်ကမ်းထန်မှုန် @ Tluang Kam Thang Hmung** နှင့် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်နေ ဦးထန်ကြည်း-ဒေါ်ဘွေဖိန်းတို့၏ သမီး **မနော်မီကာကြည်း @ Noamica Kyi** တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်တလွန်ကမ်းထန်မှုန်နှင့် မနော်မီကာကြည်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒေ့ပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၆၆

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ကျောက်ပန်းတောင်းမြို့။	နှင့်	၁။ ဒေါ်နုနုယဉ် ၂။ ဦးကိုကိုအေး(ခ) ဦးဖိုးအေး အောင်မင်္ဂလာရပ်ကွက် ကျောက်ပန်းတောင်းမြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅၂တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၅ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ် (၂၀၇၇/မယ်အိုကန်ကွင်း) မြေကွက်အမှတ်(၂/၁၁၇)ဧရိယာ ဝဒသမ၂၈၁ဧကရှိ မြို့မြေနှင့် ယင်းမြေပေါ်ရှိ (၃၃×၂၇×၂၁)ပေ နှစ်ထပ်ပတ်ကားနှင့် နံကပ်တိုက်တွင် ကျောဘက်၌ (၃၃×၁၃×၁၁)ပေထပ်ချင်း ပတ်ကားထမင်းစားခန်း ကိုးလက်မထု သံကူကွန်ကရစ်နှင့် (၅×၅)ပေ သစ်မာတိုင်၊ ကိုးလက်မနှင့် လေးလက်မခွဲအုတ်ကာ ကွန်ကရစ်လျှာထိုးပျဉ်ခင်း၊ သွပ်မိုး၊ သံကူကွန်ကရစ်မိုး (၁၀×၇×၃)ပေ အုတ်ရေကန်နှင့် ကွန်ကရစ်ပွတ်လုံး ဝရန်တာ(၂၃×၁၂×၁၀)ပေ လေးလက်မခွဲအုတ်ညှပ်ကာ ကွန်ကရစ်ခင်းသွပ်မိုး၊ မီးဖို၊ စတိုခန်းနှင့် လူနေအိမ်။

ကြမ်းခင်းဈေး ကျပ်သိန်း၄၉၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို (တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီး Mrs.Tran Thi Loc တို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီး Mrs.Tran Thi Loc တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ၎င်းတို့၏ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ်သည် နံနက် ၈ နာရီ ၅၅ မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးကလည်း ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွီခိုင်ရေးနှင့် ပညာရည်မြင့်မားရေး